ကာလေန ဓမ္မသဝနံ ဧတံ မင်္ဂလမုတ္တမံ၊ သင့်လျော်သောအခါ၌ တရားနာခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၆ ရက်၊ ၂၀၀၄ ခုနှစ်၊ မတ် ၂၆ ရက်၊ သောကြာနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၇၈)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှစ်ပတ်လည်လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် မတ် ၂၆

၂၀၀၄ခုနှစ် မတ် ၂၆ ရက်တွင် ကျရောက်သော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၏ နှစ်ပတ်လည်လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ပါမောက္ခ ဒေါက်တာအီယာကျူဒင်အာမက်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ပေါ်လာရေးအတွက် အခြေခံကောင်းများအသင့်ဖြစ်အောင်ပြင်ဆင်ပေးနေ

ဒီနိုင်ငံမှာ တစ်ဦးချင်းဝင်ငွေမြင့်မားပြီး နိုင်ငံစီးပွား ဖွံ့ဖြိုးတိုးတက်စေဖို့၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုခိုင်မာပြီး နိုင်ငံရေးတည်ငြိမ်စေဖို့၊ ပြည်တွင်းသောင်းကျန်းမှု ကွယ်ပျောက်ကာ တရားဥပဒေစိုးမိုးပြီး ရပ်ရွာအေးချမ်းသာယာစေဖို့နဲ့ အရည်အချင်းမြင့်မားတဲ့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးစေဖို့ ဆောင်ရွက်နေခြင်းဟာ ဖွံ့ဖြိုးတိုးတက်ပြီး တည်ငြိမ်အေးချမ်းတဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာဖို့အတွက် အခြေခံကောင်းတွေကို အသင့်ဖြစ်အောင် ပြင်ဆင်ပေးနေခြင်းပဲဖြစ်တယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

(၅၉)နှစ်မြောက် တပ်မတော်နေ့မိန့်ခွန်းမှ–

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ (၅၉)နှစ်မြောက်တပ်မတော်နေ့ ပြပွဲပြခန်းများကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၂၅

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ယနေ့ ညနေပိုင်းတွင် (၅၉)နှစ်မြောက် တပ်မတော်နေ့ပြပွဲပြခန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

စစ်သမိုင်းပြတိုက်ရောက်ရှိ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်ဝန်ကြီးချုပ်

စာမျက်နှာ ၄ ကော်လံ ၁ ▼

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ (၅၉)နှစ်မြောက် တပ်မတော်နေ့ပြပွဲပြခန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၅ ခုနှစ်၊ မတ်လ ၂၆ ရက်)

မြန်မာ–တရုတ် ချစ်ကြည်ရေး၏ လေးနက်မှုကိုဖော်ညွှန်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်

မြန်မာနိုင်ငံသည် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် လွတ်လပ်၍တက်ကြွသော နိုင်ငံခြားရေးဝါဒကို ကျင့်သုံးလျက်ရှိသည်။

အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် မိတ်ဝတ်မပျက် ရင်းနှီးချစ်ကြည်စွာ ဆက်ဆံလျက်ရှိပြီး ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးချက်ကို စွဲမြဲစွာ လိုက်နာကျင့်သုံးလျက်ရှိသည်။

အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ပိုမိုရင်းနှီးချစ်ကြည်မှုရယူပြီး စီးပွားရေး၊ ကုန်သွယ်ရေး၊ ယဉ်ကျေးမှုကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေး ကြိုးပမ်းလျက်ရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် ၁၉၅၀ပြည့်နှစ် ဇွန်လ ၈ရက်နေ့မှ စတင်၍ သံတမန်ဆက်ဆံမှု စတင်ထူထောင်ခဲ့ကြသည်။

မြန်မာ–တရုတ် နှစ်နိုင်ငံတို့သည် ကီလိုမီတာ၂၀၀၀ကျော် ရှည်လျားသည့် နယ်နိမိတ်ရှိပြီး တော၊ တောင်၊ ရေ၊ မြေချင်းဆက်စပ်လျက်ရှိသည့်အပြင် နှစ်နိုင်ငံအစိုးရနှင့် ပြည်သူတို့သည် ရှေးနှစ်ပေါင်းများစွာကပင် ကူးလူးဆက်သွယ်၍ ချစ်ကြည်ရင်းနှီးစွာ နေထိုင်လာခဲ့ကြသည့် သမိုင်းအစဉ်အလာ ရှိခဲ့ပြီးဖြစ်သည်။

နှစ်နိုင်ငံဆက်ဆံရေးသည် အားရဖွယ် ဖြစ်ထွန်းလျက်ရှိသည်။ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ၂၀၀၃ခုနှစ် ဇန်နဝါရီလ ၆ရက်နေ့မှ ၁၁ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးချဲ့မြှင့်တင်ရေး ကျယ်ပြန့်စွာ ဆွေးနွေးနိုင်ခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် စိတ်ကောင်းစေတနာဖြင့် ကူညီပံ့ပိုးမှုများ ပေးလျက်ရှိသည်။

ထို့အပြင် စီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုကိုလည်း မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီတို့သည် မတ်လ၂၄ရက်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံခေါင်းဆောင်များသည် မြန်မာ–တရုတ် နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များအပေါ် ကျယ်ကျယ်ပြန့်ပြန့် အမြင်ချင်းဖလှယ်ခဲ့ကြရာ –

“များမကြာမီနှစ်များအတွင်း မြန်မာ–တရုတ်နှစ်နိုင်ငံဆက်ဆံရေး နှင့် ပူးပေါင်းဆောင်ရွက်ရေးသည် ဘက်စုံတိုးတက်လာသည်ကို တွေ့ရှိရသဖြင့် များစွာအားရကျေနပ်မိကြောင်း၊ ဤသို့တိုးတက်လာခြင်းသည် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားနှင့်လည်းကိုက်ညီကြောင်း၊ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်ရန် အလားအလာများစွာရှိကြောင်း၊ ရှေ့အနာဂတ်တွင် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို ပိုမိုမြင့်မားလာစေရေးအတွက် လုပ်ဆောင်သွားကြမည် ဖြစ်ကြောင်း”

ဆွေးနွေးကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ နှစ်နိုင်ငံအပြန်အလှန်လဲလှယ်မှု စာလွှာများ၊ သဘောတူညီချက်များနှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို မတ်လ၂၄ရက်နေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီတို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရတို့အကြား လက်မှတ်ရေးထိုးချုပ်ဆိုမည့် နှစ်နိုင်ငံအပြန်အလှန်လဲလှယ်မှု စာလွှာများ၊ သဘောတူညီချက်များနှင့် နားလည်မှု စာချွန်လွှာများကို တာဝန်ရှိသူအသီးသီးက လက်မှတ်ရေးထိုး လဲလှယ်ကြသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး၏ လေးနက်မှုကို ထပ်မံဖော်ညွှန်းသော ဆောင်ရွက်ချက်များနှင့်အတူ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများကို ပိုမိုမြှင့်တင်သွားနိုင်မည်ဟု ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံပြန်တမ်း

ရန်ကုန် မတ် ၂၅

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်–

	အမည်၊ ရာထူး၊ ဌာန	ခန့်ထားသည့်ရာထူး၊ဌာန
(က)	ဦးသာဦး ဒုတိယပါမောက္ခချုပ် ပင်လုံတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် ပင်လုံတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန
(ခ)	ဦးဝမ်းတင် ဒုတိယပါမောက္ခချုပ် စစ်တွေတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် စစ်တွေတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန
(ဂ)	ဦးစိုးမြင့် ဒုတိယပါမောက္ခချုပ် ဟသ်ာတတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် ဟသ်ာတတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန

(သတင်းစဉ်)

သကြၤန်တွင်း တရားစခန်းပွဲ

ရန်ကုန် မတ် ၂၅

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် စံပြရပ်ကွက်၅လမ်းမဟာစည်သြဝါဒခံ မေတ္တာအေး သာသနာ့ရိပ်သာတွင် ဧပြီ ၈ရက်မှ ၁၇ ရက်အထိ မဟာစည် ၁၀ရက် တရားစခန်းပွဲကို မေတ္တာအေး သာသနာ့ရိပ်သာ ပဓာန နာယက ဘဒ္ဒန္တ သုဇာတ(မဟာစည် နယ်လှည့် ဓမ္မကထိက ဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ)ဆရာတော်ကိုယ်တိုင် တရားတော်များကို ဟောကြားပြသမည် ဖြစ်သည်။ တရားစခန်းဝင်လိုသောယောဂီများနှင့်ဆွမ်းအလှူရှင်များသည် ဖုန်း–၅၆၂၂၄၁သို့ ဆက်သွယ်စာရင်း ပေးလှူဒါန်းနိုင်ကြောင်းသိရသည်။ **(က–ပ)**

မြို့တော်သာယာ

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ အလှူငွေနှင့်ပစ္စည်းများလှူဒါန်း

ရန်ကုန် မတ် ၂၅

(၁၄)ကြိမ်မြောက် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နှစ်ပတ်လည် ညီလာခံကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ စေတနာရှင်၊ အလှူရှင်များက အလှူငွေနှင့် အလှူပစ္စည်းများပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၀နာရီက ရန်ကုန်မြို့ ပါရမီလမ်းနှင့် သံသုမာလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါက်တာကြည်စိုးနှင့် ဒေါက်တာဒေါ်တင်လင်းမြင့်၊ ဗဟိုအလုပ်အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အလှူငွေများနှင့်အလှူပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် စီးပွားရေးဦးပိုင်လီမိတက်က ငွေကျပ် ၂၅၀၀၀၀၀၊ ဦးအောင်ဇော်ရဲမြင့်က ငွေကျပ် ၅၀၀၀၀၀၊ Mo ˚Asiatic Companyက ငွေကျပ် ၃၀၀၀၀၀၊ Royal Ruby Co.,Ltd.မှ ဒေါက်တာ သင်းနွယ်ဝင်းက ငွေကျပ် ၃၀၅၀၀၀ တန်ဖိုးရှိဆေးများ၊Credit Co., Ltd. က မနော်က ငွေကျပ် ၅၀၀၀၀၀တန်ဖိုးရှိ ဆေးများ၊ Baby Vita Co.,Ltd. မှ ဦးမြဦးက ငွေကျပ် ၃၀၀၀၀၀ တန်ဖိုးရှိ Baby Vita ကလေးအားတိုးဆေးများ၊ Tri Star General Trading Co.,Ltd. က ငွေကျပ် ၆၁၀၀၀၀ တန်ဖိုးရှိ အပ်ချုပ်စက်ခေါင်း အလုံး၂၀၊ ပြည်ဖြိုးထွန်း Co.,Ltd. မှ ဒေါက်တာတင့်လွင်က ငွေကျပ် ၆၃၀၀၀၀ တို့ကိုပေးအပ်လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်သည်။ ယင်းနောက် အသင်းဥက္ကဋ္ဌဒေါက်တာဒေါ်ခင်ဝင်းရွှေက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အခမ်းအနားအပြီးတွင် အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့်အဖွဲ့၊ အလှူရှင်များသည် ခန်းမအတွင်း ပြသထားသောအသင်း၏ လှုပ်ရှားမှုဓာတ်ပုံများကိုလှည့်လည် ကြည့်ရှုကြသည်။ **(သတင်းစဉ်)**

ဗဟန်းပန်းပညာရှင်များအစည်းအရုံးတာဝန်ပေး

ရန်ကုန် မတ် ၂၅

မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး ဗဟန်းမြို့နယ် အလုပ်အမှုဆောင်အဖွဲ့ တာဝန်ပေးအပ်ပွဲ အခမ်းအနားကို မတ် ၂၄ ရက်က ဗဟန်းမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းလှအောင်နှင့် မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးသောင်းဟန်တို့က အဖွင့်အမှာစကား ပြောကြားကြသည်။ **(ဝဲပုံ)**

ဆက်လက်၍ မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)အတွင်းရေးမှူး ဦးသန့်ဇင်နှင့် စည်းရုံးရေးမှူး ဦးမြလွင်တို့က ရိုးရာပန်းပညာရှင်များအစည်းအရုံး၏ စည်းရုံးရေးရာနှင့် အစည်းအရုံး၏ ရည်မှန်းချက်များကို ဆွေးနွေးတင်ပြရှင်းလင်းပြောကြားပြီး အစည်းအရုံး(ဗဟို)ဒုတိယဥက္ကဋ္ဌ ဦးအောင်သိန်းက ဗဟန်းမြို့နယ်အလုပ်အမှုဆောင်စာရင်းကိုအတည်ပြုဖတ်ကြားသည်။ **(က–ပ)**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီနှင့်အဖွဲ့ဝင်များအား ရန်ကုန်မြို့ ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

❑ *ကျောဖုံးမှ*

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီနှင့် အဖွဲ့ဝင်များနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျင်ကျွမ်းလည်း တက်ရောက်သည်။

(သတင်းစဉ်)

တပ်မတော်အရိုးကုဆေးရုံကြီးနှင့် တပ်မတော်ကိုယ်လက်အင်္ဂါ ပြန်လည်သန်စွမ်းရေးဆေးရုံသို့ ငွေကျပ်ကိုးသိန်းလှူဒါန်း

ရန်ကုန် မတ် ၂၅

(၆၀)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ တပ်မတော်အရိုးကုဆေးရုံကြီးနှင့် တပ်မတော်ကိုယ်လက်အင်္ဂါ ပြန်လည်သန်စွမ်းရေးဆေးရုံသို့ အလှူငွေလှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်၉နာရီတွင် မရမ်းကုန်းမြို့နယ် အမှတ်(၆၄) ကမ္ဘာအေးစေတီလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးသန်းအောင်၊ ဆေးရုံများမှ တပ်မှူးများနှင့်တာဝန်ရှိသူများ၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးစစ်မြိုင်၊ အလှူရှင် ဦးဝင်းဆွေနှင့်ဇနီး သီရိသုဓမ္မသိင်္ဂီ ဒေါက်တာရီရီလှ (ယုဝတီခင်ဦး)၊ WYZ Private Limited နှင့်သား ဦးဇော်ဝင်းဆွေနှင့်ဇနီး ဒေါက်တာ အေးအေးမော် (Victory Enterprise Pte -Ltd) (စင်ကာပူ)မိသားစုနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အလှူရှင် ဒေါက်တာ ဒေါ်ရီရီလှ (ယုဝတီခင်ဦး)က ငွေလှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အလှူရှင်ဦးဝင်းဆွေနှင့်ဇနီး သီရိသုဓမ္မသိင်္ဂီ ဒေါက်တာ ဒေါ်ရီရီလှ (ယုဝတီခင်ဦး)၊ WYZ Private Limited နှင့် သား ဦးဇော်ဝင်းဆွေနှင့်ဇနီး ဒေါက်တာအေးအေးမော် (Victory Enterprise Private Limited) မိသားစုတို့က ကာကွယ်ရေးဝန်ကြီးဌာန အရိုးကုဆေးရုံကြီးအတွက် အလှူငွေကျပ်ငါးသိန်းနှင့် တပ်မတော် ကိုယ်လက်အင်္ဂါ ပြန်လည်သန်စွမ်းရေးဆေးရုံသို့ အလှူငွေကျပ် လေးသိန်း စုစုပေါင်း ငွေကျပ်ကိုးသိန်းကို အလှူရှင် ဦးဝင်းဆွေနှင့်ဇနီး သီရိသုဓမ္မသိင်္ဂီ ဒေါက်တာ ဒေါ်ရီရီလှ(ယုဝတီခင်ဦး)တို့ကပေးအပ်လှူဒါန်းရာ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးသန်းအောင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးသန်းအောင်က အလှူရှင်များအား ကျေးဇူးတင်စကားပြောကြားသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးသန်းအောင်က တပ်မတော်အရိုးကုဆေးရုံသို့ လှူဒါန်းသော အလှူငွေကျပ်ငါးသိန်းကိုတပ်မတော်အရိုးကုဆေးရုံကြီး တပ်မှူးဗိုလ်မှူးကြီးထွန်းထွန်းအား လည်းကောင်း၊ တပ်မတော်ကိုယ်လက်အင်္ဂါ ပြန်လည်သန်စွမ်းရေးဆေးရုံသို့ လှူဒါန်းသော အလှူငွေကျပ်လေးသိန်းကို တပ်မှူး ဒုတိယဗိုလ်မှူးကြီးမျိုးလွင်အားလည်းကောင်း အသီးသီးပြန်လည်လွှဲပြောင်းပေးအပ်ပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၆–၃–၂၀၀၅
(သောကြာနေ့)
နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ရိုးရာကျေးလက်ကစားနည်း
၇:၅၅ ၆။ ကြေးမုံရိပ်သွင်တေးနှယဉ်
၈:၀၀ ၇။ အကပြိုင်ပွဲ
၈:၁၀ ၈။ (၆၀)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈:၂၀ ၉။ ဘိုင်းဒါးရေလှောင်တမံ
၈:၃၀ ၁၀။ International News
၈:၄၅ ၁၁။ English for Everyday Use
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး – နှစ်(၅၀)ပြည့် ရွှေရတု တပ်မတော်နေ့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မိန့်ကြားသည့်မိန့်ခွန်း မှ ကောက်နုတ်ချက်
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ Practice in Reading
၁၆:၄၅ ၄။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲဆုရတေးများ (၂၀၀၄ခုနှစ်)
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(သတ္တဗေဒ၊ ရုက္ခဗေဒ အထူးပြုများ) (သတ္တဗေဒ)
၁၇:၁၅ ၆။ လက်ဆင့်ကမ်းပေးဂီတတေး (စောင်း)
၁၇:၂၅ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၄၀ ၈။ နည်းစနစ်မှန်မှန် အားကစားအခြေခံ
၁၇:၅၀ ၉။ နှောင်းခေတ်တေးပဒေသာ
၁၈:၀၀ ၁၀။ (၆၀)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၁၈:၁၅ ၁၁။ Discovery
၁၈:၃၀ ၁၂။ ညနေခင်းသတင်း
၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **“မိုးနတ်မယ်”** (အပိုင်း–၁၀)
၁၉:၃၀ ၁၅။ သံလွင်တံတား(မော်လမြိုင်) တည်ဆောက်ရေးဂုဏ်ပြုအစီအစဉ်(၁)
၁၉:၄၀ ၁၆။ – နှစ်(၅၀)ပြည့်ရွှေရတု တပ်မတော်နေ့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ မိန့်ကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက် “ပြည်သူ့အတွက် တပ်မတော်” – သားမောင်စစ်သည်ထံမှ အမေ့ထံသို့ပေးစာ – ပြည်ထောင်စုဖွံ့ဖြိုးတိုးတက် တပ်မတော်အစိုးရလက်ထက်
၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ ရုပ်မြင်သံကြားဇာတ်လမ်း **“အတွေးခါးခါး ဘဝချိုချို”** (ကျော်သူ၊ ဖွဲ့နိုင်ဝင်း၊ သူသူဟံသာ၊ စမ်းစမ်းအေး) (ဒါရိုက်တာ–သက်တင်)
၂၁။ နောက်တစ်နေ့အစီအစဉ်

(၆၀)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို

မြန်မာ့တပ်မတော်သည် ဤသို့

★ တပ်မတော်ဟု၊ ထွန်းပေါ်လာရ
ဗိုလ်ဇသန္ဓေ၊ အခြေအမြစ်
အမျိုးချစ်စိတ်၊ ပြည်ချစ်စိတ်တည့်။

★ အမျိုးအတွက်၊ အသက်တွေပေး
လွတ်လပ်ရေးကို
ယူပေးခဲ့ပြီးဖြစ်ပါပြီ။

★ အမျိုးအတွက်၊ စိတ်လက်ကြည်အေး
ငြိမ်းချမ်းရေးကို
ဖန်တီးပေးပြီးဖြစ်ပါပြီ။

★ အမျိုးအတွက်၊ တိုးတက်ဖွံ့ဖြိုး
ဂုဏ်မညှိုးရန်၊ စီမံစိုင်းပြင်း
လမ်းခင်းလျက်သာ၊ ရှိနေတာကို
သေချာတွေ့မြင်နေပါပြီ။

★ အမျိုးအတွက်၊ Road Map ကိုရေး
ပြည့်ရှေ့ရေးကို
ချပေးခဲ့ပြီးဖြစ်ပါသည်။

★ ချပြီး Road Map၊ ခုနစ်ချက်တိုင်း
မပျက်မကွက်၊ ဆက်လက်လှုပ်ရှား
လုပ်ဟန်များကို၊ ထင်ရှားတွေ့မြင်
ပေါ်လွင်နေပြီဖြစ်ပါသည်။ ။

မိုး၀

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ (၅၉)နှစ်မြောက် တပ်မတော်နေ့ပြပွဲ ပြခန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

▼ *ရှေ့ဖုံးမှ*

တပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းတို့နှင့်အတူ ညနေ ၄ နာရီ ၅၅ မိနစ်တွင် (၅၉)နှစ်မြောက် တပ်မတော်နေ့ ပြပွဲပြသမည့် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်သို့ ရောက်ရှိလာသည်။

ကြိုဆို

ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် အဖွဲ့ဝင်များအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂)စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်(ကြည်း၊ရေ၊ လေ)အရာရှိကြီးများနှင့် ဒုတိယဝန်ကြီးများက ကြိုဆိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တပ်မတော်စစ်သမိုင်းပြတိုက်အဝင် ခန်းမကြီးကို ကြည့်ရှုသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် နိုင်ငံတော်ဦးတည်ချက်(၁၂)ရပ်ပြခန်းကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ တပ်မတော်(ရေ) ပြခန်း၊ တပ်မတော်(လေ)ပြခန်းတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ကာကွယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးရုံး ပြခန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ပြန်လည်ထွက်ခွာ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် (၅၉)နှစ်မြောက် တပ်မတော်နေ့ ပြပွဲပြခန်းများကို တစ်နာရီခန့်ကြာ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ညနေ ၅ နာရီ ၄၅မိနစ်တွင် တပ်မတော်စစ်သမိုင်းပြတိုက်မှ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

(၅၉)နှစ်မြောက်တပ်မတော်နေ့ပြပွဲ
တပ်မတော်စစ်သမိုင်းပြတိုက်
(ရွှေတိဂုံဘုရားလမ်း)
(၂၆-၃-၂၀၀၄ မှ ၄-၄-၂၀၀၄)
(မည်သူမဆိုအခမဲ့ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်)

တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း စစ်ရေးပြစစ်ကြောင်းကြီးများ အပြီးသတ်စစ်ရေးပြလေ့ကျင့်မှု ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၂၅

(၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော် လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ယနေ့ နံနက်ပိုင်းတွင် တပ်မတော်နေ့ စစ်ရေးပြ စစ်ကြောင်းကြီးများ မြို့မကွင်းမှ တော်လှန်ရေးပန်းခြံသို့ အသွားအပြန် အပြီးသတ် ချီတက်လေ့ကျင့်မှုများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

စစ်ရေးပြလေ့ကျင့်ရာသို့ ဒုတိယ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ်များဖြစ်ကြသည့် ဗိုလ်ချုပ် ဝင်းမြင့်၊ ဗိုလ်ချုပ် အောင်ကြည်နှင့် ဗိုလ်မှူးချုပ်ဉာဏ်ဝင်း၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက် ကြည့်ရှုစစ်ဆေးကြသည်။

ချီတက်လေ့ကျင့်

အပြီးသတ်စစ်ရေးပြလေ့ကျင့်မှုများ ဆောင်ရွက်ရာတွင် စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်မင်းသိန်းနှင့် အရန်စစ်ရေးပြမှူးကြီး ဗိုလ်မှူးကြီးညီထွန်းတို့ ဦးဆောင်သည့် အနော်ရထာ စစ်ကြောင်း၊ ကျန်စစ်သားစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်း၊ နဝဒေးစစ်ကြောင်း၊ အောင်ဇေယျစစ်ကြောင်း၊ ဆင်ဖြူရှင်စစ်ကြောင်း၊ ဗန္ဓုလစစ်ကြောင်း၊ မြဝတီစစ်ကြောင်းနှင့် အောင်ဆန်းစစ်ကြောင်းတို့က စစ်ရေးပြလေ့ကျင့်မှုများကို စစ်ရေးပြအမိန့်စဉ်များအတိုင်း မြို့မကွင်းမှ တော်လှန်ရေးပန်းခြံသို့ အသွားအပြန် ချီတက်လေ့ကျင့်ကြသည်။

ထို့နောက် (၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက စစ်ရေးပြစစ်ကြောင်းကြီးများအား လိုအပ်သည်များကို မှာကြားပြီး နံနက် ၁၀ နာရီတွင် မြို့မကွင်းမှ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

(၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း (၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြစစ်ကြောင်းများ (အပြီးသတ်)လေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ထပဆ)

အီရတ်နိုင်ငံ မာဆာယက်မြို့တွင် ခုခံတိုက်ခိုက်မှုများဖြစ်ပွား
အမေရိကန်နှင့်ပူးပေါင်းသူ အီရတ်ရဲ ၁၁ ဦး သေဆုံး

မာဆာယက် မတ် ၂၃

အီရတ်နိုင်ငံ မာဆာယက်မြို့တွင်အကြမ်းဖက်မှု အင်္ဂါနေ့က ဆက်လက်ဖြစ်ပွားခဲ့ရာ အမေရိကန်နှင့်ပူးပေါင်းသူ ရဲအဖွဲ့ဝင် ၁၁ ဦးအပါအဝင် လူ ၁၅ ဦးထက်မနည်း သေဆုံးခဲ့သည်။

ခုခံတိုက်ခိုက်ရေးသမားများသည် ၎င်းတို့ မောင်းလာသော ကားပေါ်မှနေ၍ ရဲသင်တန်းသားများကို ဘဂ္ဂဒက် တောင်ဘက်၌ ပစ်ခတ်မှုကြောင့် ရဲအရာရှိ လေးဦးနှင့် ရဲသင်တန်းသားငါးဦးသေဆုံးကြောင်း ရဲအဖွဲ့က ပြောသည်။

တွေ့ရ

ရိုက်တာရုပ်မြင်သံကြားဌာနက ရိုက်ကူးပြသရာ၌ အဝါရောင်ကားငယ်တစ်စီး ကျည်ဆန်ပေါက်များဖြင့် ပွစာကျဲသွားပြီး ကားထိုင်ခုံများလည်း သွေးများစွန်းထင်းကျန်ရစ်သည်ကို တွေ့ရသည်။

ပြောကြား

သေဆုံးသူများသည် ယနေ့နံနက် ၇ နာရီခွဲခန့်၌ သေဆုံးခြင်းဖြစ်ကြောင်း၊ ခုခံတိုက်ခိုက်ရေး သမားများက ကားမောင်းသွားရင်း တိုက်ခိုက်ခဲ့ကြောင်း ရဲအဖွဲ့အကြီးအကဲ ကာဒင်မ်အကျမီက ပြောကြားသည်။

တိုက်ခိုက်ခံရ

ဘတ်စ်ကားငယ်တစ်စီးသည် ဘဂ္ဂဒက် တောင်ဘက်ရှိ ဟီလာမြို့သို့အသွား မာဆာယက်မှအထွက်၌ တိုက်ခိုက်ခံရခြင်းဖြစ်သည်ဟု အရာရှိများက ပြောကြားသည်။

ယင်းတိုက်ခိုက်မှုကြောင့် အခြားခရီးသည်သုံးဦးလည်း ဒဏ်ရာရကြောင်း မာဆာယက်ဆေးရုံ အမှုထမ်းများက ပြောဆိုသည်။

ကယ်ကွတ်မြို့တွင်လည်း အင်္ဂါနေ့ အရဏ်တက်ချိန်၌ သေနတ်သမားများက ကားမောင်းရင်း ကားပေါ်မှပစ်ခတ်မှုကြောင့် အီရတ်ရဲနှစ်ဦးသေဆုံးပြီး အခြားနှစ်ဦး ဒဏ်ရာရခဲ့သည်ဟု ရဲအရာရှိတစ်ဦးက ပြောကြားသည်။ **(အင်တာနက်)**

မတ် ၂၄ ရက်က အီရတ်နိုင်ငံတောင်ဘက် ဖောမြို့အနီး ရေနံပိုက်လိုင်း မီးလောင်မှုဖြစ်ပွားသဖြင့် အီရတ်မီးသတ်သမားများ မီးငြိမ်းသတ်နေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

မတ် ၂၄ ရက်က ဘာဆာရာမြို့ အုပ်ချုပ်ရေးရုံးအပြင်ဘက်၌ အမေရိကန်နှင့် အပေါင်းပါတို့၏ ကျူးကျော်စစ်ပွဲကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြရသော အီရတ်ပြည်သူများ ဆန္ဒပြနေကြစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရတ်၌ စစ်ပွဲစတင်ချိန်မှ သေဆုံးသူ အမေရိကန်တပ်ဖွဲ့ဝင် ၂၃၁၃ ဦးရှိပြီ

ဝါရှင်တန် မတ် ၂၄

အီရတ်နိုင်ငံတွင် အမေရိကန်နှင့်အပေါင်းပါတပ်များ မတရားသော စစ်ပွဲကို ဆင်နွှဲခဲ့ကြသည်မှာ ၂၀၀၆ ခုနှစ် မတ်လ ၂၀ ရက်၌ တစ်နှစ်ပြည့်ခဲ့ပြီ ဖြစ်သည်။

အီရတ်၌ အမေရိကန်နှင့်အပေါင်းပါတို့ ၂၀၀၃ ခုနှစ် မတ်လ ၂၀ ရက်တွင် မတရားသော အီရတ်စစ်ပွဲကို စတင်ခဲ့ချိန်မှစပြီး အီရတ်၌ သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် ဦးရေသည် မတ်လ ၂၄ ရက် ဗုဒ္ဓဟူးနေ့ရောက်ချိန်တွင် ၂၃၁၃ ဦး ရှိသွားခဲ့ပြီဖြစ်သည်။

ယင်းအနက် ၁၈၄၄ ဦးမှာ တိုက်ခိုက်မှုကြောင့် သေဆုံးရခြင်းဖြစ်ပြီး ၁၈၉ ဦးမှာ တိုက်ခိုက်မှုကြောင့် မဟုတ်ဘဲ သေဆုံးရခြင်းဖြစ်သည်ဟု အမေရိကန်ကာကွယ်ရေးဌာနက ကြေညာခဲ့သည်။

မေ ၁ ရက်၌ စစ်ပွဲပြီးဆုံးကြောင်း သမ္မတဘုရှ်က ကြေညာခဲ့ပြီး ထိုမေ ၁ ရက်မှစ၍ အီရတ်၌ အမေရိကန် တပ်ဖွဲ့ဝင် ၄၄၅ ဦး သေဆုံးခဲ့သည်။ ယင်းအနက် ၂၇၉ ဦးမှာ တိုက်ခိုက်မှုကြောင့် သေဆုံးခြင်းဖြစ်ပြီး ၁၆၆ ဦးမှာ တိုက်ခိုက်မှုကြောင့်မဟုတ်ဘဲ သေဆုံးခြင်းဖြစ်သည်ဟု အမေရိကန်စစ်ဘက်က ပြောကြားသည်။

အီရတ်စစ်ပွဲစတင်သည်မှ တိုက်ပွဲ၌ ဒဏ်ရာရသူ အမေရိကန်တပ်ဖွဲ့ဝင် ၂၈၂၈ ဦးရှိပြီး တိုက်ပွဲ၌ မဟုတ်ဘဲ ဒဏ်ရာရသူ ၄၃၄ ဦးရှိသည်။

အီရတ်နိုင်ငံတစ်ဝန်း အမေရိကန်နှင့်အပေါင်းပါ တပ်ဖွဲ့ဝင်များအား အီရတ် ခုခံတိုက်ခိုက်ရေးသမားများက ဆက်လက် တိုက်ခိုက်လျက်ရှိရာ အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးမှု တိုးတက်ဖြစ်ပေါ်လျက် ရှိသည်။ **(အင်တာနက်)**

ရစ်ချတ်ကလပ်ခ်အပေါ်သံသယဖြစ်အောင် ကြိုးပမ်းရာတွင် အိမ်ဖြူက အာဏာအလွဲသုံးစားလုပ်ဟု ဒီမိုကရက်တို့စွပ်စွဲ

ဝါရှင်တန် မတ် ၂၄

စက်တင်ဘာ ၁၁ ရက်မတိုင်မီ၌ အယ်လ်ခိုင်ဒါခြိမ်းခြောက်မှုကို သမ္မတဂျော့ဒဗလျူဘုရှ် လျစ်လျူရှုခဲ့သည်ဟု စွပ်စွဲပြောဆိုခဲ့သူ အကြမ်းဖက်မှုတန်ပြန်ရေး ထိပ်တန်းအရာရှိဟောင်း ရစ်ချတ်ကလပ်ခ်အား သံသယဖြစ်စေရန် ကြိုးပမ်းရာတွင် အိမ်ဖြူသည် အာဏာအလွဲသုံးစားလုပ်ခဲ့သည်ဟု ဒီမိုကရက်တို့က အင်္ဂါနေ့၌ စွပ်စွဲလိုက်သည်။

သည်းမခံနိုင်လောက်သော အာဏာအလွဲသုံးစားမှုရှိသည်ကို မိမိတို့တွေ့မြင်ရကြောင်း၊ သမ္မတအနေဖြင့် ထိုကိစ္စကို ယခုရပ်ပေးဖို့ရန်လိုကြောင်း၊ မိမိတို့အနေဖြင့် အမှန်တရားလိုအပ်ကြောင်း ဒီမိုကရက် အထက်လွှတ်တော်အမတ် တွမ်ဒေရှယ်လ်က ပြောကြားသည်။

ကလပ်ခ်က ဘုရှ်သည် ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက် တိုက်ခိုက်မှုမဖြစ်ပွားမီ အယ်လ်ခိုင်ဒါခြိမ်းခြောက်မှုကို အရေးမစိုက်ခဲ့ဘဲ နောက်ပိုင်း၌ အစ္စလမစ် စစ်သွေးကြွအုပ်စုကို ဖြိုခွဲရန်အတွက် ကြိုးပမ်းမှုကို အထိခိုက်ခံပြီး အီရတ်နိုင်ငံအပေါ် အာရုံစူးစိုက်ခဲ့ကြောင်း အတိအလင်း စွပ်စွဲခဲ့သည်။

ကလပ်ခ်၏ တိုက်ခိုက်မှုသည် နိုဝင်ဘာလ၌ကျင်းပမည့် ရွေးချယ်ပွဲ၌ ပြန်အရွေးခံရရေးအတွက် မဲဆွယ်စည်းရုံးရာတွင် အဓိကအကြောင်းအရာဖြစ်သည့် လုံခြုံရေးနှင့်အကြမ်းဖက်မှုအပေါ် ဘုရှ်၏ ဦးဆောင်မှုပြုရန် ကြိုးပမ်းမှုများနှင့် တိုက်ဆိုင်နေခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

အီရတ်ခုခံတိုက်ခိုက်ရေးသမားများ မိုဆူးလ်တွင် ပစ်ခတ်တိုက်ခိုက်

မိုဆူးလ်(အီရတ်) မတ် ၂၄

အီရတ်လုံခြုံရေးအစောင့်များ မိုဆူးလ်မြို့တွင် အလုပ်သို့ လမ်းလျှောက်သွားစဉ် ခုခံတိုက်ခိုက်ရေးသမားများက ပစ်ခတ်မှုကြောင့် လုံခြုံရေးအစောင့်တစ်ဦးသေဆုံးပြီး အခြားသုံးဦးဒဏ်ရာရကြောင်း အီရတ် လုံခြုံရေးအရာရှိများက ပြောကြားသည်။

စောင့်ကြပ်

အဆိုပါလုံခြုံရေးအစောင့်များသည် သံရုံးများ၊ ဝန်ကြီးဌာနများနှင့် အခြားအုပ်ချုပ်ရေးရုံးများ၊ အဆောက်အအုံများကို စောင့်ကြပ်သော အစောင့်များဖြစ်ကြသည်။

ယနေ့နံနက်ပိုင်းတွင် လက်နက်ငယ်များဖြင့် ပစ်ခတ်ခြင်းခံရသဖြင့် အစောင့်တစ်ဦးသေပြီး သုံးဦး ဒဏ်ရာရသည်ဟု ဒုတိယဗိုလ်မှူးကြီး ဟီလာအော့သ်မန်းက ပြောကြားသည်။ ထိုပစ်ခတ်မှု၌ အရပ်သားတစ်ဦးလည်း ထိခိုက်ဒဏ်ရာရသည်ဟု ဆိုသည်။

ပစ်မှတ်ထား

အီရတ်၌ အမေရိကန်တို့နှင့် ပူးပေါင်းလုပ်ကိုင်နေကြသော လုံခြုံရေးအစောင့်များ၊ ရဲအဖွဲ့နှင့် အခြားအီရတ်လူမျိုးများ ပစ်မှတ်ထားတိုက်ခိုက်ခံရမှုသည် ပိုများလာခဲ့သည်။

လုံခြုံရေး

အီရတ်နိုင်ငံတွင် ယခုအခါ လုံခြုံရေးလုပ်ကိုင်နေသော အီရတ်လူမျိုး ၂၀၀၀၀၀ ခန့်ရှိရာ ရဲအရာရှိ ၇၀၀၀၀ နှင့် အီရတ် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင် ၂၅၀၀၀ အပါအဝင် ဖြစ်သည်။ ကျန်အီရတ်အလုပ်သမားများမှာ လုံခြုံရေးအစောင့်များ၊ အီရတ်စစ်တပ်နှင့် အခြားလုံခြုံရေးအဖွဲ့ဝင်များ ဖြစ်ကြသည်။ **အမ်အင်အေ၊ရိုက်တာ**

လာမည့် ဆယ်စုနှစ်အတွင်း စက်ရုပ်များ အသုံးပြုမှုများလာမည်

ပါရီ မတ် ၂၄

လာမည့် ဆယ်စုနှစ်အတွင်း အိမ်တွင်းမှုလုပ်ငန်းများတွင် စက်ရုပ်များကို အသုံးပြုလာနိုင်တော့မည် ဖြစ်သည်။ ပါရီတွင်ပြုလုပ်သော (၃၅)ကြိမ်မြောက် ကုန်စည်ပြပွဲ၌ စက်ရုပ်တီထွင်သူများက တီထွင်မှုအသစ်များကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိန်းချုပ်နိုင်

ဖင်လန်နိုင်ငံမှ တီထွင်လိုက်သော ဝပ်ခ်ပါတနာအမည်ရှိ စက်ရုပ်သည် လေဆာဘီး၊ လေဆာလက်များနှင့် တပ်ဆင်ထားပြီး ၎င်းစက်ရုပ်သည် အဝေးထိန်းခလုတ်နှင့် ထိန်းချုပ်နိုင်မည်ဖြစ်သည်။ ထို့အပြင် စက်ရုပ်များသည် ၎င်းတို့၏ အသိဉာဏ်အတုဖြင့် ကိုယ်ပိုင်လှုပ်ရှားမှုများကို ပြုလုပ်နိုင်မည်ဖြစ်သည်။

အသုံးပြုမည်

၎င်းစက်ရုပ်များကို ဥယျာဉ်လုပ်ငန်း၊ ပိုက်ဆက်လုပ်ငန်းများအပြင် ဆည့်သည်များဧည့်ခံသော လုပ်ငန်းများတွင် အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **(စီအက်ဖ်အိုင်)**

26-3 (5).p65 1 3/25/05, 10:13 PM

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များ ကျူးကျော်ခဲ့သည့် အီရတ်နိုင်ငံ

ကျူးကျော်စစ်အတွင်း အမေရိကန်နှင့်အပေါင်းပါတို့၏ စစ်လက်နက်ပစ္စည်း ပျက်စီးဆုံးရှုံးမှုများ

ဗိုလ်ကျစိုးမိုးလိုသော အမေရိကန်နှင့်အပေါင်းပါတပ်များသည် နိုင်ငံတကာမှ ကန့်ကွက်နေသည့်ကြားမှပင် အီရတ်နိုင်ငံကို ကျူးကျော်တိုက်ခိုက်ခဲ့သည်။ အမေရိကန်နှင့်အပေါင်းပါတပ်များ အီရတ်နိုင်ငံကို ကျူးကျော်တိုက်ခိုက်ပြီးနောက် အီရတ်တပ်မတော်ပျက်သုဉ်းကာ အီရတ်ပြည်သူတို့ ဖမ်းဆီးနှိပ်စက်ခံရသဖြင့် ကျူးကျော်သူတို့၏ လုပ်ရပ်ကို မခံမရပ်နိုင်သောအီရတ်တို့က ခုခံတိုက်ခိုက်ကြရာ အမေရိကန်နှင့်အပေါင်းပါတို့၏ စစ်လက်နက်ပစ္စည်းများ ဆုံးရှုံးခဲ့ရသည်။

မီးလောင် ပျက်စီး

ဖေဖော်ဝါရီ ၁၅ ရက်က ဘဂ္ဂဒက်လေဆိပ်အနီး၌ အမေရိကန်စစ်ယာဉ် တစ်စီးပြောက်ကျားတို့၏ တိုက်ခိုက်မှုကြောင့် မီးလောင်ကျွမ်း ပျက်စီးနေသည်ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)



မတ် ၁၀ ရက်က ဘဂ္ဂဒက်မြို့ မြောက်ဘက်လမ်း ပေါ်တွင် ပြောက်ကျားတို့ ထောင်ထားသော လမ်းဘေးဗုံး နင်းမိသဖြင့် အမေရိကန်စစ်ယာဉ် တစ်စီး ပျက်စီးသွားခဲ့ရာ ဗုံးပေါက်ကွဲသည့် နေရာကို အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးက စစ်ဆေးနေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

မီးငြှိမ်းသတ်

မတ် ၁ ရက်က ဘဂ္ဂဒက်မြို့၌ ပြောက်ကျားတို့၏ မြေမြှုပ်မိုင်းထိမှန်၍ မီးလောင်နေသော အမေရိကန်စစ်ယာဉ်ကို အမေရိကန်တပ်ဖွဲ့ဝင်များက မီးငြှိမ်း သတ်နေကြစဉ်။
(ဓာတ်ပုံ-အင်တာနက်)



ဖေဖော်ဝါရီ ၁၄ ရက်က ဘဂ္ဂဒက်မြို့ မြောက်ဘက် ၁၉ မိုင်အကွာရှိ မီရာဒါဒေသ၌ ပြောက်ကျားတို့၏ ဒုံးကျည်ထိမှန်ပြီး အမေရိကန်စစ်ယာဉ်တစ်စီး မီးလောင်ကျွမ်းနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တို့၏ စစ်လက်နက်ပစ္စည်းများပျက်စီးဆုံးရှုံးမှုများ

စဉ်	ပျက်စီးဆုံးရှုံးသော စစ်လက်နက် ပစ္စည်းများ	စစ်ပွဲစတင်ချိန်မှ ၂၀၀၄ ခုနှစ် မေ ၁ ရက် အထိ	မေ ၂ ရက်မှ ၂၀၀၄ ခုနှစ် မတ်လ ၂၁ ရက်နေ့ အထိ	စုစုပေါင်း
၁	တင့်ကား	၅	၁	၆
၂	သံချပ်ကာ	၄၅	-	၄၅
၃	အခြားယာဉ်များ	၂၀၁	၄	၂၀၅
၄	လေယာဉ်မျိုးစုံ	၂၀	၁	၂၁
၅	ရဟတ်ယာဉ်မျိုးစုံ	၂၃	၁၃	၃၆
	စုစုပေါင်း	၂၉၄	၁၉	၃၁၃

မတ် ၄ ရက်က တီကရစ်မြို့၌ အမေရိကန်ပို့ဆောင်ရေးယာဉ်တစ်စီး ပြောက်ကျားတို့၏ လက်နက်ကြီးထိမှန်မှုကြောင့် ပျက်စီးနေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

(၅၉)နှစ်မြောက်
တပ်မတော်နေ့
ဂုဏ်ပြုကြိုဆို

တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများလက်တွဲ၍ ဆောင်ရွက်ခဲ့သည့် နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများ

အမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ်မှ
တပ်မတော်သားများဖောက်လုပ်ခဲ့သောဘုရင့်နောင်လမ်းမကြီး

၁။	လမ်းအမည်	ဘုရင့်နောင်လမ်းမကြီး
၂။	လမ်းအမျိုးအစား	ခြောက်လမ်းသွား
၃။	ဖောက်လုပ်သည့်နှစ်	၁၉၉၂ ခုနှစ်
၄။	ဖောက်လုပ်သည့်တပ်	အမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ်
၅။	လမ်းအရှည်မိုင်	ခြောက်မိုင် သုံးဖာလုံ
၆။	ပါဝင်ဖောက်လုပ်သော တပ်မတော်သားများ	၆၀၀ ကျော်

အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ်မှ တပ်မတော်သားများ ရန်ကုန်မြို့ ဘုရင့်နောင်လမ်းမကြီးကို တက်ညီလက်ညီ ဤသို့ဖောက်လုပ်ခဲ့ကြသည်။ (အပေါ်ပုံ)

အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ်မှ တပ်မတော်သားများ ဘုရင့်နောင်လမ်းမကြီး ဖောက်လုပ်ရေးလုပ်ငန်းခွင်၌ အားကြိုးမာန်တက်ဆောင်ရွက်နေသည်ကို ဤသို့တွေ့ရသည်။ (အောက်ပုံ)



အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ်မှ တပ်မတော်သားများနှင့် ပြည်သူတို့ပူးပေါင်း၍ ရန်ကုန်မြို့ ဘုရင့်နောင်လမ်းမကြီးကို ဤသို့ ဖောက်လုပ်ခဲ့ကြသည်။ (အပေါ်ပုံ)

အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ်မှ တပ်မတော်သားများ ရန်ကုန်မြို့ ဘုရင့်နောင်လမ်းမကြီး ဖောက်လုပ်ရေးလုပ်ငန်းခွင်၌ အားကြိုးမာန်တက် ဆောင်ရွက်နေသည်ကို ဤသို့ တွေ့ရသည်။ (အောက်ပုံ)

ပြည်သူတို့နှင့် လက်တွဲ ဆောင်ရွက် နေသည့် တပ်မတော်

နိုင်ငံတစ်ဝန်း တည်ဆောက်ပြီး လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ

အကြောင်းအရာ	၁၉၈၈	၂၀၀၄
ကတ္တရာလမ်း (မိုင်)	၅၅၄၃	၈၃၉၈
ကျောက်ချောလမ်း (မိုင်)	၁၅၆၉	၃၁၉၄
တံတား(ပေ၁၈၀အထက်)	၁၆	၁၆၈
ရထားသံလမ်း(မိုင်)	၂၇၉၃	၃၉၀၆
လေယာဉ်ကွင်း	၂၁	၂၇
ဂျက်လေယာဉ်ကွင်း	၆	၁၉

နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်ကို တိုင်းရင်းသားပြည်သူများက ဤသို့ တစ်ခဲနက်ထောက်ခံခဲ့ကြသည်။

နိုင်ငံအတွက်အရေးပါလှသည့် တပ်မတော်နေ့ ဦးတည်ချက်များ

ဗျူဟာမောင်

နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးရေးအတွက်အရေးပါလှသည့် ၂၀၀၄ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက် (၄)ရပ်ကို ချမှတ်ထားသည်။ ၎င်းတို့မှာ–

၁။ **နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့် အတူတကွ လက်တွဲပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊**

၂။ **နိုင်ငံတော်တည်ငြိမ်ရေးနှင့် တိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူဟာဖြင့် ချေမှုန်းရေး၊**

၃။ **နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ် (၅)ရပ်တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး၊**

၄။ **ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အား တောင့်တင်း၍ စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီ တပ်မတော်တည်ဆောက်ရေး** တို့ ဖြစ်ကြသည်။

(၅၈)နှစ်မြောက်တပ်မတော်နေ့ ပြီးသွားသည်မှ မကြာလှသေးဟုထင်ရသည်။ (၅၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များကို သတင်းစာ၊ ရုပ်မြင်သံကြားတို့တွင် တွေ့လိုက်ရတော့မှ (၅၉)နှစ်မြောက် တပ်မတော်နေ့ပင် နီးကပ်လာပြီကော၊ အချိန်ရာသီကို ဆွဲထား၍မရ။ လူတွေကသာ အချိန်ကို အကျိုးရှိစွာ အသုံးချတတ်ရန်လိုပါသည်။ ပိုက်ဆံပေးဝယ်၍ မရသောအချိန်ကို ဖြုန်းပစ်ကြသဖြင့် ဘဝတစ်လျှောက်လုံး အရင်းအနှီးအများကြီး ပေးဆပ်ရသည့် သာဓကများကလည်း တစ်ပုံကြီးပင်။ သတင်းစာဖတ်ရင်းဖြင့် (၅၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်လေးရပ်၏ တစ်ချက်ချင်းအဓိပ္ပာယ်ကို ဉာဏ်မီသမျှ စဉ်းစားကြည့်တော့မှ နိုင်ငံတော်အကြီးအကဲနှင့် တပ်မတော်ခေါင်းဆောင်များက မည်သည့်အတွက်ကြောင့် ဦးတည်ချက်တွေ ချမှတ်ရသနည်းဆိုသည်ကို စေ့စေ့တွေးမှ သဘောပေါက်လာရပါတော့သည်။

ပထမဦးတည်ချက်ဖြစ်သော **နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇) ရပ်အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူတကွ လက်တွဲပူးပေါင်းပါဝင်ဆောင်ရွက်ရေး**ဆိုသည့် အချက်ကိုကြည့်လျှင် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ၂၀၀၃ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့တွင် ပြောကြားခဲ့သောမိန့်ခွန်း၌ **"မြန်မာနိုင်ငံကို မိမိနိုင်ငံ၊ မိမိလူမျိုးနှင့် ဆီလျော်သော ဒီမိုကရေစီနိုင်ငံအဖြစ် ပုံဖော်ပေးရမည်ဟု ယုံကြည်ကြောင်း"** အတိအလင်း ဖော်ပြခဲ့ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် စစ်မှန်သောပါတီစုံ ဒီမိုကရေစီစနစ် ကူးပြောင်းနိုင်ရေး တစ်ဆင့်ပြီးတစ်ဆင့် ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိပြီး ဒီမိုကရေစီကို သက်ဆိုင်ရာနိုင်ငံ၏ သမိုင်းကြောင်း အခြေခံနှင့် ပကတိအခြေအနေပေါ်တွင် တည်မှီရပ်လုံး ဖော်ကြရမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီကျင့်သုံးမှုသည် တစ်နိုင်ငံနှင့် တစ်နိုင်ငံ တူညီမှုမရှိသည်မှာ အမှန်ဖြစ်ကြောင်း၊ ဝန်ကြီးချုပ်၏ ပြောကြားချက်များသည်

ယခင်က သောက်သုံးရေရရန်ခက်ခဲခဲ့သော ကျေးလက်ဒေသများတွင် ယခုအခါ သန့်ရှင်းသော သောက်သုံးရေများကို ဤသို့ အလျှံပယ် ရရှိနေကြပြီဖြစ်သည်။

ယနေ့ကမ္ဘာ့ဖြစ်ရပ်များနှင့် ယှဉ်ထိုးကြည့်လျှင် မှန်ကန်နေကြောင်းတွေ့ရမည်ဖြစ်ပါသည်။ နိုင်ငံတော်တွင် မည်သည့်စနစ် ကျင့်သုံးသည်ဖြစ်စေ၊ ပြည်ထောင်စုသားအားလုံး၏ အကျိုးစီးပွားကို အစဉ်တစိုက် ဖော်ဆောင်ပေးနိုင်သော ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရှိရမည်ဖြစ်ပါသည်။ နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်သွားရမည်ဖြစ်သည့်အတွက် နိုင်ငံရေး တည်ငြိမ်မှုရှိမှသာ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာမည်ဖြစ်ပါသည်။ အမျိုးသားညီလာခံမှတစ်ဆင့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပေါ်လာရေးနှင့် အနာဂတ်နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် လုပ်ငန်းလမ်းညွှန်ဖြစ်သော မူဝါဒလမ်းစဉ်(၇)ရပ်ကို လက်တွေ့ဘဝနယ်ပယ်တွင် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးက နိုင်ငံတော်အစိုးရနှင့်အတူ ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက် အားတိုက် ပူးပေါင်းပါဝင် ဆောင်ရွက်ကြမည်ဖြစ်ပေသည်။

ဒုတိယအချက်ဖြစ်သော **နိုင်ငံတော်တည်ငြိမ်ရေးနှင့် တိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပအဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူဟာဖြင့်ချေမှုန်းရေး** ဆိုသည့်အချက်ကို လေ့လာဆန်းစစ် ကြမည်ဆိုလျှင် မြန်မာနိုင်ငံသည် ကိုယ့်ထီးကိုယ့်နန်းဖြင့် လွတ်လွတ်လပ်လပ် ရပ်တည်နေထိုင်ခဲ့ရာမှ စည်းလုံးညီညွတ်မှု ကွယ်ပျောက်၍ သူ့ကျွန်ဘဝရောက်ခဲ့ရသည်။ တိုင်းရင်းသားပြည်သူအားလုံး ရရာ လက်နက်စွဲကိုင်တော်လှန်ခဲ့ကြသည်။ လက်နက် အင်အားမမျှခြင်းနှင့် မှန်ကန်သော ဦးဆောင်မည့်သူမရှိခြင်းတို့ကြောင့် အင်္ဂလိပ် လက်အောက်တွင် အားမတန်မာန်လျှော့ နေခဲ့ရသည်။ တပ်မတော်၏ ဦးဆောင်မှုကို ခံယူကာ ရဟန်းရှင်လူ ပြည်သူတစ်ရပ်လုံး၏ တစည်းတလုံး တည်းညီညီညွတ်ညွတ် ကြိုးပမ်းခဲ့သဖြင့် ၁၉၄၈ခုနှစ်တွင် ဆုံးရှုံးသွားသော လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ခဲ့သည်။ အချုပ်အခြာအာဏာပိုင် နိုင်ငံအဖြစ် ပြန်လည်ရပ်တည်နိုင်ခဲ့သည်။ သို့သော် လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာသော ရောင်စုံသောင်းကျန်းသူများကြောင့်လည်းကောင်း၊ ပြည်ပမှ ကျူးကျော်မှုများကြောင့်လည်းကောင်း တိုင်းပြည်တည်ငြိမ် အေးချမ်းရေးအတွက်သာ အာရုံစိုက်နိုင်ခဲ့ပြီး ဖွံ့ဖြိုးရေးကို မဆောင်ရွက်နိုင်ခဲ့သဖြင့် စီးပွားရေးကျဆင်းကျပ်တည်း လာခဲ့သည်။ ၁၉၈၈ခုနှစ်တွင် အရေးအခင်းပေါ်လာပြီး ဖြစ်ပေါ်လာသည့် အကျပ်အတည်းကို ဝိုင်းဝန်းဖြေရှင်းရမည့်အစား နိုင်ငံတော်အာဏာကို ဖြတ်လမ်းက ရယူလိုသူများ ပေါ်ပေါက်လာခဲ့ပါသည်။ ၁၉၈၈ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် တပ်မတော်က နိုင်ငံတော်မပြိုကွဲရေးအတွက် နိုင်ငံတော်တာဝန်ကို မလွှဲမရှောင်သာ ယူခဲ့ရသည်။ ခေတ်သစ် ကိုလိုနီနယ်ချဲ့များက ၎င်းတို့ ကြိုးကိုင်ခြယ်လှယ်နိုင်မည့် အစိုးရတစ်ရပ် အာဏာရရှိရေးအတွက် ပြည်တွင်းပြည်ပရှိ အဖျက်သမားများကို မြှောက်ပင့်ပေးပြီး နိုင်ငံရေး၊ စီးပွားရေး နည်းမျိုးစုံဖြင့် ထိုးနှက်တိုက်ခိုက်လျက်ရှိကြပါသည်။

နိုင်ငံတော်၏တာဝန်ကို ယူထ
နိုင်ငံတော် တည်ငြိမ်ရေးအတွက် ပြည်
ချေမှုန်းရာတွင် တပ်မတော်တစ်ခုတည
တစ်ရပ်လုံးနှင့် ပူးပေါင်း ဆောင်ရွက်မှ
ဆောင်ရွက်နိုင်ပေမည်။ ပြည်တွင်း သော
ပြည်သူပါဝင်ရန် လိုအပ်သလို ပြည်ပ
လည်း ပြည်သူတစ်ရပ်လုံးသည် အလွ
ပါဝင်ရပေမည်။

တိုင်းပြည်ဖွံ့ဖြိုးရေးကို အား
မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံ
နိုင်ငံတော်အား ကျူးကျော်တိုက်ခို
အဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူ
ဖြစ်ပါသည်။

တတိယအချက်ဖြစ်သော **နယ**
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လု
လူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထ
ဦးတည်ချက်တွင် နိုင်ငံတော်ကို ဖွံ့ဖြိုးတ
တင်ရာ၌ များပြားလှသော လုပ်ငန်းစဉ်မ
အခြေအနေများကို ကျော်လွှားဖြတ်သ
ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လ
(၂၀၀၃)တွင် မိန့်ကြားခဲ့သော နာယက
မိန့်ခွန်းထဲမှ ကောက်နုတ်ဖော်ပြရလျှင် "
ရာမှာ ဒေသတစ်ခုနှင့်တစ်ခုအကြား တိုး
အလေးအနက်ထားပြီး ဆောင်ရွက်ခဲ့တယ်
ကြောင်းကြောင့် အဘက်ဘက်က နောက
စီမံကိန်း တွေချမှတ် အကောင်အထည်
တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်
အကောင်အထည်ဖော်နိုင်ရန် ဗဟိုကော်
ဖွဲ့စည်းရုံးသာမက သီးခြားဝန်ကြီးဌာန
လုပ်ရှားအကောင်အထည်ဖော်ခဲ့တယ်။
လာအောင် အထူးအာရုံစိုက်ဆောင်ရွက်
တွေကို မြင်တွေ့ရပြီဖြစ်တယ်။ နိုင်ငံ
တည်ဆောက်ရာမှာ မည်သည့်ဒေသမှ ကြ
ကျင့်သုံးဆောင်ရွက်ခဲ့တယ်။ ဒေသအသ
နည်းပြီး မျှမျှတတဖွံ့ဖြိုးလာစေရန် စီ
ခဲ့တယ်။ အလားတူ နိုင်ငံတော်အတွင်း
ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဖေ
လိုအပ်ချက်တွေကို ဖော်ဆောင်နိုင်ရန်
အစိုးရ၊ တပ်မတော်၊ ပြည်သူပူးပေါင်
မိန့်ကြားခဲ့ပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတ
ကျေးလက်ဒေသ လမ်းပန်းဆက်သွ
ကျေးလက်ဒေသ သန့်ရှင်းသော
ကျေးလက်ဒေသပညာရေးအဆင့်အတန်
ကျန်းမာရေးကို မြှင့်တင်ရေး၊ ကျေးလက်
ရေးတို့ ဖြစ်ပါသည်။

စတုတ္ထအချက်ဖြစ်သော **ဒို့တာ**
စောင့်ရှောက် နိုင်ရေးအတွက် အင်အား
မြင့်မားသော ခေတ်မီတပ်မတော်တည်
တွင် တပ်မတော် အင်အားရှိမှ

(၅၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုဆောင်းပါးနှင့် မှတ်တမ်းဓာတ်ပုံ



နိုင်ငံတော်၏ လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်ရာတွင် ပြည်သူ့စစ်များကလည်း ဤသို့ တက်ကြွစွာ ပါဝင်ခဲ့ကြသည်။

နိုင်ငံတော်၏တာဝန်ကို ယူထားရသော တပ်မတော်အနေဖြင့် နိုင်ငံတော် တည်ငြိမ်ရေးအတွက် ပြည်တွင်းပြည်ပ အဖျက်သမားများကို ချေမှုန်းရာတွင် တပ်မတော်တစ်ခုတည်းဖြင့် မဆောင်ရွက်နိုင်၊ ပြည်သူ တစ်ရပ်လုံးနှင့် ပူးပေါင်း ဆောင်ရွက်မှသာ ဤတာဝန်ကို ကျေပွန်စွာ ဆောင်ရွက်နိုင်ပေမည်။ ပြည်တွင်း သောင်းကျန်းသူများ ချေမှုန်းရေးတွင် ပြည်သူပါဝင်ရန် လိုအပ်သလို ပြည်ပ ကျူးကျော်စစ်ပွဲ ဆင်နွှဲလာခဲ့လျှင်လည်း ပြည်သူတစ်ရပ်လုံးသည် အလွန်အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ရပေမည်။

တိုင်းပြည်ဖွံ့ဖြိုးရေးကို အားသွန်ခွန်စိုက် ဆောင်ရွက်နေရသော မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအနေဖြင့် နိုင်ငံတော်ပြိုကွဲစေမည့်၊ နိုင်ငံတော်အား ကျူးကျော်တိုက်ခိုက်လာမည့် ပြည်တွင်းပြည်ပ အဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူဟာဖြင့်သာကျင့်သုံးချေမှုန်းရမည် ဖြစ်ပါသည်။

တတိယအချက်ဖြစ်သော **နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်(၅)ရပ်တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ရေး** ဟူသော ဦးတည်ချက်တွင် နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းပေါ်သို့ တင်ရာ၌ များပြားလှသော လုပ်ငန်းစဉ်များနှင့် ခက်ခဲနက်နဲ သိမ်မွေ့သော အခြေအနေများကို ကျော်လွှားဖြတ်သန်းခဲ့ရပါသည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၃)တွင် မိန့်ကြားခဲ့သော နာယကကြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ မိန့်ခွန်းထဲမှ ကောက်နုတ်ဖော်ပြရလျှင် **"ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်ရာမှာ ဒေသတစ်ခုနှင့်တစ်ခုအကြား တိုးတက်မှုတွေ အလှမ်းမကွာရေးကို အလေးအနက်ထားပြီး ဆောင်ရွက်ခဲ့တယ်၊ ဖြတ်သန်းခဲ့ရတဲ့ အတိတ်သမိုင်းကြောင်းကြောင့် အဘက်ဘက်က နောက်ကျခဲ့ရတဲ့ဒေသတွေကို အထူးစီမံကိန်း တွေချမှတ် အကောင်အထည်ဖော်ခဲ့တယ်။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို ဖောက်ချ အကောင်အထည်ဖော်နိုင်ရန် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီတို့ကို ဖွဲ့စည်းရုံသာမက သီးခြားဝန်ကြီးဌာနတစ်ခု ဖွဲ့စည်းပြီး စဉ်ဆက်မပြတ် လှုပ်ရှားအကောင်အထည်ဖော်ခဲ့တယ်။ ကဏ္ဍတိုင်းမှာ ဖွံ့ဖြိုးတိုးတက်လာအောင် အထူးအာရုံစိုက်ဆောင်ရွက်ခဲ့လို့ ယခုအခါ ရလဒ်ကောင်းတွေကို မြင်တွေ့ရပြီဖြစ်တယ်။ နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာမှာ မည်သည့်ဒေသမှ ကြွင်းကျန်ခြင်း မရှိရေး ခံယူချက်ဖြင့် ကျင့်သုံးဆောင်ရွက်ခဲ့တယ်။ ဒေသအသီးသီးမှာ ဆူကြုံ နိမ့်မြင့်ကွာဟမှု နည်းပြီး မျှမျှတတဖွံ့ဖြိုးလာစေရန် စီမံကိန်းတွေ ချမှတ်ဆောင်ရွက်ခဲ့တယ်။ အလားတူ နိုင်ငံတော်အတွင်း လူများစုနေထိုင်ရာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ကျေးလက်မှာ အခြေခံ အကျဆုံး လိုအပ်ချက်တွေကို ဖော်ဆောင်နိုင်ရန် လုပ်ငန်းစဉ်ကြီး (၅)ရပ် ချမှတ်ပြီး အစိုးရ၊ တပ်မတော်၊ ပြည်သူပူးပေါင်းဆောင်ရွက်လျက် ရှိတယ်"**ဟု မိန့်ကြားခဲ့ပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်ကြီး (၅)ရပ်မှာ ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှုချောမွေ့ ကောင်းမွန်ရေး၊ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေး၊ ကျေးလက်ဒေသပညာရေးအဆင့်အတန်း မြင့်တင်ရေး၊ ကျေးလက်ဒေသ ကျန်းမာရေးကို မြင့်တင်ရေး၊ ကျေးလက်ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတို့ ဖြစ်ပါသည်။

စတုတ္ထအချက်ဖြစ်သော **ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက် နိုင်ရေးအတွက် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက် မြင့်မားသော ခေတ်မီတပ်မတော်တည်ဆောက်ရေး** ဆိုသည့် ဦးတည်ချက်တွင် တပ်မတော် အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်ဆိုသော အချက်ကို သတိပြုမိကြရန်ဖြစ် ပါသည်။ မိမိနိုင်ငံ၏ ကာကွယ်ရေး အင်အား မတောင့်တင်းလျှင် ပတ်ဝန်းကျင်၏ မခန့်လေးစားပြုလုပ်ခြင်း၊ ရန်စခြင်းကို ခံရမည်မှာ မလွဲဧကန်ဖြစ် ပါသည်။ စီးပွားရေးအင်အား တောင့်တင်းပြီး ကာကွယ်ရေးအင်အားတောင့်တင်းမှသာ လူရိုသေ ရှင်ရိုသေ၊ ပတ်ဝန်းကျင်၏ လေးစားခြင်းကိုခံရမည်ဖြစ်သည်။

ယနေ့(၂၁)ရာစုခေတ်သည် ရှေးယခင်ခေတ်ကကဲ့သို့ ဓား၊လှံ၊ လေးမြှားဖြင့် တိုက်ခိုက်နေခြင်းမဟုတ်။ ပထမဆုံး သတင်းအချက်အလက် စစ်ပွဲ (Information War)ဖြင့်စတင်တိုက်ခိုက်ခံရလိမ့်မည်။ နိုင်ငံတစ်နိုင်ငံမှတစ်နိုင်ငံသို့စစ်ဆင်နွှဲလျှင် သာလွန်သော အင်အား၊ ခေတ်မီဆန်းပြားသော နည်းပညာ၊ စစ်လက်နက်ပစ္စည်းကိရိယာများဖြင့် ကျူးကျော်ဝင်ရောက်ခဲ့သည့် သာဓကများဖြစ်သော ၁၉၉၉ခုနှစ် ကိုဆိုဗိုစစ်ပွဲ၊ ၂၀၀၁ခုနှစ် အာဖဂန်နစ္စတန်စစ်ပွဲ၊ ၂၀၀၃ခုနှစ် အမေရိကန်-အီရတ်စစ်ပွဲများကို လေ့လာသင်ခန်းစာယူသင့်ပါသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲလျှင် ပြည်ထောင်စုပြိုကွဲ၍ အချုပ်အခြာအာဏာ ပြန်လည်ဆုံးရှုံးသွားနိုင်ပါသည်။ ထို့ကြောင့် ဒို့တာဝန် အရေးသုံးပါးသည် တိုင်းရင်းသား အားလုံးလက်ခံယုံကြည်ကျင့်သုံးရမည့် အမျိုးသားရေး တာဝန်ဖြစ်ပေသည်။

ဒို့တာဝန်အရေးသုံးပါးကို ထိပါးလာမည့် အန္တရာယ်မှန်သမျှကို ပြည်သူနှင့်လက်တွဲပြီး ချေမှုန်းရေးသည် တပ်မတော်၏ တာဝန်ဖြစ်ပေသည်။ တပ်မတော်သည် နိုင်ငံနှင့်ပြည်သူလူထုအပေါ် မှန်ကန်သော စေတနာနှင့် တာဝန် ထမ်းဆောင်နေခြင်းဖြစ်ပါသည်။ ပြည်သူလူထု၏ လူမှုစီးပွားရေးဘဝ မြင့်မားလာရန်နှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး ပြည်သူအားလုံးအတွက် လုံခြုံမှုရှိအောင် ကာကွယ်စောင့်ရှောက်ပေးနေခြင်း ဖြစ်ပါသည်။ အနာဂတ်ဒီမိုကရေစီ နိုင်ငံတော်အတွက် အခြေခံကောင်းများပေးအပ်နိုင်အောင် အဘက်ဘက်က ကြိုးပမ်းဆောင်ရွက် လျက်ရှိသော၊ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ်တွင် သစ္စာစောင့်သိသော တပ်မတော်သည် ပြည်တွင်းပြည်ပရန်ဟူသမျှတွန်းလှန်နိုင်ရေးအတွက် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော် တည်ဆောက်ရေးမှာ မရှိမဖြစ်လိုအပ်လျက်ရှိသည်ကို အတိတ်၊ပစ္စုပ္ပန် အခြေအနေများနှင့် ဆန်းစစ်ကြည့်လျှင် သိနိုင်ပါသည်။

(၅၆)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **"ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး ဦးတည်ချက် (၁၂) ရပ်အောင်မြင်စေရန် ပြည်သူလူထုနှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ကြပါ။ တိုင်းရင်းသား စည်းလုံး ညီညွတ်မှုကိုဖော်ဆောင်၍ ပြည်ထောင်စု စိတ်ဓာတ်ထွန်းကား ပြန့်ပွားအောင် ကြိုးပမ်းဆောင်ရွက်ကြပါ။ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်ကို ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်း အကောင်အထည်ဖော် ဆောင်ရွက်ကြပါ။ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခြိုးခြံချွေတာရေး၊ အလေအလွင့်နည်းပါးရေးနှင့် ကုန်ထုတ်လုပ်မှု တိုးမြှင့်ရေးလုပ်ငန်းများကို ပြည်သူတို့နှင့်အတူအားသွန်ခွန်စိုက်ကြိုးပမ်း ဆောင်ရွက်ကြပါ။ နိုင်ငံတော် အချုပ်အခြာအာဏာနှင့် ပိုင်နက်လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန် စွမ်းရည်ထက်မြက်တဲ့ ခေတ်မီ တပ်မတော် တည်ဆောက်ရေးအတွက် အားထုတ်ကြိုးပမ်း ထမ်းဆောင်ကြပါ"** ဟု မိန့်ကြားခဲ့ပါသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်အတွက် ရေရှည်မျှော်မှန်းပြီး ချမှတ်ထားသော (၅၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်လေးရပ်သည် အနာဂတ်ဒီမိုကရေစီ နိုင်ငံတော်အတွက် အနှစ်သာရရှိသော အခြေခံကောင်းများဖြစ်ပြီး လက်ဆင့်ကမ်း အမွေကောင်းများအဖြစ် မျိုးဆက်သစ်များထံသို့ လွှဲပေးနိုင်ရန် ချမှတ်ထားသည့် ဦးတည်ချက်များဖြစ်ပါကြောင်း ရေးသား တင်ပြအပ်ပါသည်။ ။

ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နေသည့် တပ်မတော်။

မုံရွာစက်မှုဇုန်သည် ဒေသအခြေအနေအရ ဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းသည့် စက်မှုဇုန်ဖြစ် သွင်းကုန်အစားထိုးနှင့် လယ်ယာသုံးစက်ကိရိယာထုတ်လုပ်မှုလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်အောင်ဆောင်ရွက် စက်မှုဇုန်၌ သုတေသနနှင့်ဖွံ့ဖြိုးမှုလုပ်ငန်းကိုလည်း ယခုကတည်းက စတင်ပြင်ဆင်ဆောင်ရွက်ထားကြ

ရန်ကုန် မတ် ၂၅

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် မတ်၂၁ရက် နံနက်၉နာရီခွဲတွင် စစ်ကိုင်းတိုင်း မုံရွာမြို့ မုံရွာစက်မှုဇုန် အစည်းအဝေးခန်းမ၌ မုံရွာစက်မှုဇုန်မှ စက်မှုလက်မှုလုပ်ငန်းရှင်များအား တွေ့ဆုံမှာကြားသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ ယင်းမာပင်မြို့နယ်ရှိ ယမားချောင်းတံတားတည်ဆောက်ရေးလုပ်ငန်းခွင်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တွေ့ဆုံပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ စစ်ကိုင်းတိုင်းမှ တိုင်းအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မုံရွာစက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီဝင်များ၊ မုံရွာစက်မှုဇုန်မှ စက်မှုလက်မှု လုပ်ငန်းရှင်များတက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ရှေးဦးစွာ မုံရွာစက်မှုဇုန်တာဝန်ခံ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက မုံရွာစက်မှုဇုန်တွင် စက်မှုလက်မှုလုပ်ငန်းရှင်များအား နေရာချထားပေးမှု၊ စက်မှုဇုန်အတွင်း လမ်းကောင်းမွန်ရေး၊ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးမှု၊ စက်မှုဇုန်မှ မော်တော်ယာဉ်ငယ်အမျိုးမျိုး ထုတ်လုပ်နိုင်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သာအေးက မုံရွာစက်မှုဇုန် လုံခြုံရေး၊ လျှပ်စစ်ဓာတ်အားပိုမိုရရှိရေးဆောင်ရွက်ပေးမှုများ၊ အော်တိုတယ်လီဖုန်းတပ်ဆင်ပေးခဲ့မှုများ၊ မီးဘေးကာကွယ်ရေး ဆောင်ရွက်ချက်များ၊ နိုင်ငံတော်၏ ပံ့ပိုးကူညီမှုဖြင့် သံရည်ကျိုစက်ရုံ၊ စက်ပစ္စည်းစက်ရုံနှင့် ပုံဖိစက်ရုံ တည်ဆောက်ရန် စီစဉ်ဆောင်ရွက်နေမှုများ၊ စက်မှုပိုင်းဆိုင်ရာ နည်းပညာတိုးတက်ရရှိရေးကိစ္စများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မုံရွာစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်ဖော်က မုံရွာစက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များနှင့် လျှပ်စစ်ဓာတ်အားတိုးမြှင့်ရရှိရေး ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြရာ တိုင်းလျှပ်စစ်အင်ဂျင်နီယာဦးစိန်ဝင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ညှိနှိုင်းဖြည့်ဆည်းပေး

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌနိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက လိုအပ်သည်များကိုထပ်မံမေးမြန်း ညှိနှိုင်းမှာကြားပြီး မုံရွာစက်မှုဇုန်သည် ဒေသအခြေအနေအရ ရှေ့သို့ဖွံ့ဖြိုးတိုးတက်ရန်အလားအလာကောင်းများရှိသည့် စက်မှုဇုန်ဖြစ်သည့်အတွက် နိုင်ငံတော်ကလိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးလျက်ရှိကြောင်း။

မုံရွာစက်မှုဇုန်ရှိ စက်ရုံ၊ အလုပ်ရုံများ၌ လက်ရှိတပ်ဆင်ထားသော စက်အင်အားများကို အပြည့်အဝလည်ပတ် ထုတ်လုပ်နိုင်ရန်လည်း လိုကြောင်း၊ နိုင်ငံတော်၏ ပံ့ပိုးကူညီမှုဖြင့် ထူထောင်မည့် သံရည်ကျို၊ ပုံဖိ၊ ပုံလောင်း စက်ရုံများကို အမြန်ဆုံးထူထောင်ပြီး အကျိုးရှိရှိ အသုံးချနိုင်အောင် လိုအပ်သည်များကို ကြိုတင်စီမံထားရန်လိုကြောင်း။

စတင်ဆောင်ရွက်

ယင်းသံထည်လုပ်ငန်း အခြေခံထူထောင်ပြီးပါက ပုဂ္ဂလိကများ၏ စက်မှုလုပ်ငန်းသည် ပိုမိုအဆင့်မြင့်တိုးတက်သွားမည်ဖြစ်ရာ သွင်းကုန်အစားထိုးစက်မှုလုပ်ငန်းများ၊လယ်ယာသုံးစက် ကိရိယာပစ္စည်းထုတ်လုပ်သော စက်မှုလုပ်ငန်းများ ပိုမိုဖြစ်ထွန်းအောင်မြင်အောင် လုပ်ကိုင်ဆောင်ရွက်သွားရန် လိုကြောင်း၊ ထို့ပြင် စက်မှုဇုန်၌ သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်း(Research& Development)ကိုလည်း ယခုကတည်းက စတင်ပြင်ဆင်ဆောင်ရွက်ထားကြရမှာဖြစ်ကြောင်း၊ စက်မှုဇုန် အဆင့်မြင့်တိုးတက်ရေး လုပ်ငန်းများကို ညီညီညွတ်ညွတ်၊ ရဲရဲတင်းတင်း၊ မှန်မှန်ကန်ကန် သမာဓိရှိရှိ ဆောင်ရွက်သွားကြရန် တိုက်တွန်းကြောင်းဖြင့် မှာကြားပြီး စက်မှုလက်မှု လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မုံရွာစက်မှုဇုန်ပြခန်းတွင် ခင်းကျင်းပြသထားသည့် စက်မှုဇုန်ထုတ် မော်တော်ယာဉ်ငယ်အမျိုးမျိုး၊ ရေယာဉ်ပန်ကာအမျိုးမျိုးနှင့် အမြန်ရေယာဉ်၊ လယ်ယာလုပ်ငန်းသုံးစက်ကိရိယာအမျိုးမျိုး၊ စားသောက်ကုန်အမျိုးမျိုးတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် တိုင်းရင်းဆေးထုတ်လုပ်ထားမှုများကို လည်းကောင်း၊ ဆိုင်ကယ်ဘေးတွဲ ယာဉ်ထုတ်လုပ်ထားမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးအားပေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မုံရွာမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည့် ရွှေပြည်အေး ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

မုံရွာမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ရွှေပြည်အေး ကျောင်းဆောင်သစ်ကိုတွေ့ရစဉ်။ (သတင်းစဉ်)

ရွှေပြည်အေးကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားသို့ စစ်ကိုင်းတိုင်းမှ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ မိဘပြည်သူများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ မုံရွာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်စိန်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဌေးမြင့်နှင့် ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင် ဒေါက်တာဉာဏ်လင်းတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ရွှေပြည်အေးကျောင်းဆောင်သစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ကျောင်းဆောင်သစ်ရှိ e-Education Learning Centre, Computer Aided Instruction Room, Computer Room, Listening and Reading Room တို့ကိုလှည့်လည်ပြီး ဆရာဆရာမများ၏ သင်ကြားပြသမှုနှင့် ကျောင်းသား ကျောင်းသူများ၏ သင်ယူတတ်မြောက်မှုတို့ကို ကြည့်ရှုစစ်ဆေးအားပေးကြသည်။

ဆက်လက်၍ ဂီတရသခန်း၊ ကျောင်းအခြေပြု HIV/AIDS ကာကွယ်တားဆီးရေးပြခန်း၊အိမ်တွင်းမှုပြခန်း၊ မြန်မာစာပြခန်းတို့ကို လည်း ကြည့်ရှုစစ်ဆေးအားပေးကြသည်။

ထို့နောက် ပင်မဆောင်ခန်းမ၌ ဖွင့်ပွဲအစီအစဉ်များကို ဆက်လက်ကျင်းပရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင် ဦးစိုးမင်းက ကျောင်းဆောင် သစ်တည်ဆောက်ရန် ဖြစ်ပေါ်လာမှုနှင့် ကြိုးပမ်းတည်ဆောက်ခဲ့သည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

လွှဲပြောင်းပေးအပ်

ဆက်လက်၍ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဌေးမြင့်က ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို အမှတ်(၂)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးဦးလှအောင်အား လွှဲပြောင်းပေးအပ်သည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်တို့အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ဌေးမြင့်နှင့် ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင် ဦးကျော်တို့က ကျောင်းဆောင်သစ်ဖွင့်ပွဲ အထိမ်းအမှတ်ပစ္စည်းများကို ဂါရဝပြုပေးအပ်ကြသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီအား လေယာဉ်ပေါ်သို့ မတက်ရောက်မီ လေယာဉ်လှေကားထိပ်၌ ရန်ကုန်မြို့ရောက် ချစ်ကြည်ရေးခရီးစဉ်မှတ်တမ်းတင် ဗီဒီယိုတိပ်ခွေ၊ ဗွီစီဒီနှင့် ဓာတ်ပုံအယ်လ်ဘမ်တို့ကို လက်ဆောင်အဖြစ် ပေးအပ်စဉ်။ (သတင်းစဉ်)

ဧည့်သည်တော်တရုတ်နိုင်ငံတော်ကောင်စီဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များ ချစ်ကြည်ရေးခရီးဆက်လက်လည်ပတ်ရန် ပုဂံ–ညောင်ဦးမြို့သို့ထွက်ခွာ

ရန်ကုန် မတ် ၂၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့၌ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီနှင့်အဖွဲ့ဝင်များသည် ချစ်ကြည်ရေးခရီး ဆက်လက်လည်ပတ်ရန် ပြည်ထောင်စုမြန်မာနိုင်ငံတော် အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျင်ကျွမ်းတို့နှင့်အတူ ယနေ့မွန်းလွဲ ၂ နာရီတွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ပုဂံ–ညောင်ဦးမြို့သို့ ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီနှင့်အဖွဲ့ဝင်များအား ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရ ဦးအောင်ထက်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီနှင့်အဖွဲ့ဝင်များ လေယာဉ်ပေါ်သို့မတက်ရောက်မီ လေယာဉ်လှေကားထိပ်၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီအား ရန်ကုန်မြို့တွင်း ချစ်ကြည်ရေးခရီးစဉ်မှတ်တမ်းတင် ဗီဒီယိုတိပ်ခွေ၊ ဗွီစီဒီနှင့် ဓာတ်ပုံအယ်လ်ဘမ်တို့ကိုလက်ဆောင်အဖြစ် ပေးအပ်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မလေးရှားဝန်ကြီးချုပ်ထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

ရန်ကုန် မတ် ၂၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံမှ မလေးရှားနိုင်ငံဝန်ကြီးချုပ်အဖြစ် ပြန်လည်ရွေးချယ်ခံရသူ ဒါတိုဆိရီ အဗ္ဗဒူလာ ဟာဂျီ အာမက် ဘာဒါဝီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နှစ်ပတ်လည်လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် မတ် ၂၆

၂၀၀၄ ခုနှစ် မတ် ၂၆ ရက်၌ကျရောက်သော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံမှ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဘီဂမ်ခါလီဒါဇီယာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့တွင် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီနှင့် အဖွဲ့ဝင်များ ရန်ကုန်မြို့မှ ပုဂံ–ညောင်ဦးမြို့သို့ ထွက်ခွာရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နယူးဇီလန်နိုင်ငံဆိုင်ရာသံအမတ်ကြီးအဖြစ် သံအမတ်ကြီး ဦးစိုးဝင်းအား ပူးတွဲခန့်အပ်

ရန်ကုန် မတ် ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ဩစတြေးလျ ဓနသဟာယနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးစိုးဝင်းအား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် နယူးဇီလန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

စာမျက်နှာ ၁၀ မှ

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ပညာရေးမြှင့်တင်မှု အစီအစဉ်များကို အထူးလေးနက်စီမံကိန်းချ၍ ဆောင်ရွက်ခဲ့ရာတွင် နိုင်ငံတော်နှင့်အတူ ဆရာဆရာမများ၊ မိဘပြည်သူများ၊ ကျောင်းသားကျောင်းသူများ လက်တွဲညီညီ ပါဝင်ဆောင်ရွက်မှုကြောင့် အောင်မြင်မှုများ ရရှိခဲ့ပြီးဖြစ်ရာ ဆက်လက်၍ အဆင့်မြင့်သော ရည်မှန်းချက်များ ရရှိအောင် ထပ်ဆင့်ကြိုးပမ်းသွားကြရမှာဖြစ်ကြောင်း။

အောင်မြင်မှုရရှိ

နိုင်ငံသူနိုင်ငံသားတိုင်း စာတတ်မြောက်စေရေး၊ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေး၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကူးပြောင်း သင်ကြားမှုနှုန်းမြင့်မားရေးစသည့် လုပ်ငန်းများသည် တိုးတက်အောင်မြင်မှုများ ရရှိလျက်ရှိကြောင်း။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဤနေရာတွင် အရေအတွက်တိုးတက်လာသကဲ့သို့ ပညာအရည်အသွေး တတ်မြောက်မှု မြင့်မားရန်လည်းလိုကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများ တစ်တန်းပြီး တစ်တန်း သာမန်အောင်သွားခြင်းမျိုးထက် ထူးချွန်ထက်မြက်သူများ၊ နိုင်ငံတော်အတွက် အားထားရသည့် အရည်အချင်းပြည့်ဝ ထူးချွန်သူများ ဖြစ်လာစေရန် တပ်ဆင်ထားသော ခေတ်မီသင်ကြားမှု သင်ယူမှု အထောက်အကူပြုပစ္စည်းများကို အပြည့်အဝအသုံးချ၍ စေတနာထား သင်ကြားပေးသွားကြရန် လိုကြောင်းဖြင့် မှာကြားပြီး ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ရွှေပြည်အေး ကျောင်းဆောင်မှာ နှစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး အလျားပေ ၁၃၀၊ အနံ ၂၄ ပေရှိသည်။

ကျောင်းဆောင်သစ်ဖြစ်မြောက်ရေးအတွက် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၂၅ သိန်း မတည်လှူဒါန်းပြီး ဂေါမုတ္တဆေးတိုက်က ငွေကျပ်သိန်း ၃၀၊ ဟွန်ဒါမြန်မာကုမ္ပဏီက ငွေကျပ်သိန်း ၃၀၊ တင်ဝင်းထွန်းကုမ္ပဏီက ငွေကျပ် ၁၅ သိန်း၊ ဦးကျော်ကျော်စိန်၊ ဒေါ်နန်းရတနာဝင်း မောင်နှမတစ်စုက ငွေကျပ် ၁၀ သိန်း အပါအဝင် စေတနာရှင်အလှူရှင်များ၏ စုစုပေါင်းလှူဒါန်းငွေကျပ် ၁၅၅ သိန်းဖြင့် သုံးလတာအချိန်တိုကာလ အတွင်း တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ကျောင်းဆောင်သစ် ဖွင့်ပွဲအပြီးတွင် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မုံရွာမြို့၌ အသစ်ဖောက်လုပ်လျက်ရှိသည့် ပြည်ထောင်စုလမ်းမ အခြေအနေကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုကြသည်။

ထို့နောက် ရှင်းလင်းဆောင်သို့ ရောက်ရှိရာ လမ်းဖောက်လုပ်ရေး တာဝန်ခံဒုတိယဗိုလ်မှူးကြီးဝင်းမြင့်က ပြည်ထောင်စုလမ်းမ ဖောက်လုပ်မှုနှင့် ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သာအေးက တစ်နှစ်အတွင်း ကျောက်ချောလမ်းအဖြစ် ကြိုးပမ်းဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြရာ အတွင်းရေးမှူး(၁)က လိုအပ်သည်များကို မှာကြားသည်။

ပြည်ထောင်စုလမ်းမဖောက်

မုံရွာမြို့ မုံရွာ–မြင်းမူကားလမ်းမှာ ယာဉ်အသွားအလာများလာသဖြင့် ယာဉ်ကြောကျပ်တည်းပိတ်ဆို့မှုမရှိဘဲ အန္တရာယ်ကင်းစွာ ခရီးသွားလာမှု ပိုမိုမြန်ဆန်လာစေရေးအတွက် မုံရွာမြို့ ဘိုးဘွားရိပ်သာမှ ကျွဲရဲလမ်းဆုံအထိ ရထားသံလမ်းနှင့်အပြိုင် ပြည်ထောင်စုလမ်းမကို ဖောက်လုပ်နေခြင်းဖြစ်သည်။

မုံရွာမြို့ ပြည်ထောင်စုလမ်းမမှာ ၇ ဒသမ ၂၉ မိုင်ရှည်မည်ဖြစ်သည်။ လမ်းတာပေါင်အကျယ်ကို ပေ ၄၀ အဖြစ်လည်းကောင်း၊ ကတ္တရာလမ်းကို ၂၄ ပေအကျယ်နှင့် တစ်ဖက်လျှင် ခုနစ်ပေစီကျယ်သည့် လူသွားစင်္ကြံပါဝင်သောလမ်းအဖြစ်လည်းကောင်း ဖောက်လုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် မွန်းလွဲ ၁ နာရီတွင် ယင်းမာပင်မြို့နယ်ရှိ ယမားချောင်းတံတား တည်ဆောက်ရေး လုပ်ငန်းသို့ရောက်ရှိကြသည်။

ရှေးဦးစွာ လုပ်ငန်းခွင်ရှင်းလင်းဆောင်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မုံရွာခရိုင် အင်ဂျင်နီယာမှူး ဦးခင်မောင်တင့်က မုံရွာ–ယာကြီး–ကလေးဝလမ်း၊ မုံရွာ–ပုလဲ–ဂန့်ဂေါလမ်းနှင့် ပခုက္ကူ–မုံရွာလမ်း ဆက်သွယ်မည့် ၁၅ မိုင်ရှည် လမ်းသစ်ဖောက်လုပ်ခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ယမားချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းနှင့်ပြီးစီးမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သာအေးက လမ်းဖောက်လုပ်ရေးလုပ်ငန်းနှင့် တံတားတည်ဆောက်ရေးလုပ်ငန်းတို့ကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင် တည်ဆောက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ယမားချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ယမားချောင်းတံတားကို သစ်သားတိုင်၊ သစ်သားတံတားအဖြစ် တည်ဆောက်နေခြင်းဖြစ်ပြီး ရေအနက်ဆုံးနေရာတွင် Bailey Suspension တံတားအဖြစ် တည်ဆောက်သွားမည်ဖြစ်သည်။ တံတား၏ စုစုပေါင်းအရှည်မှာ ၉၄၇ ပေ ရှိမည်ဖြစ်သည်။

ယမားချောင်း တံတားကို ယင်းမာပင်မြို့နယ် အောင်ချမ်းသာကျေးရွာနှင့် ဆားလင်းကြီးမြို့နယ် ဂုံတောကျေးရွာအကြားတွင် ဆက်သွယ် တည်ဆောက်နေခြင်းဖြစ်သည်။ **(သတင်းစဉ်)**

26-3 (11).p65 1 3/25/05, 10:14 PM

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကျောက်ဆည်မြို့နယ်ရှိစက်ရုံများကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၂၅

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့်အတူ မတ် ၂၂ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း ကျောက်ဆည်မြို့နယ်ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာနစက်ရုံများကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များအား ဘိလပ်မြေ စက်ရုံ (ကျောက်ဆည်) ရှင်းလင်းဆောင်၌ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဝင်းက ကျောက်ဆည်မြို့နယ်တွင် စက်ရုံများ တည်ဆောက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဘိလပ်မြေစက်ရုံ၊ သကြားလုံးစက်ရုံ၊ စွပ်ကျယ်စက်ရုံ၊ ဖိနပ် စက်ရုံ၊ အပ်ချုပ်စက်စက်ရုံ၊ စက်ဘီးစက်ရုံ၊ ပလတ်စတစ်စက်ရုံ စက်ရုံမှူးများက စက်ရုံများ တည်ဆောက်ပြီးစီးမှု၊ စက်ရုံအလိုက် စက်သွားရောက်ပြီး စပုတ်တံဌာန၊ ပိုက်ဆက်နှင့် ပစ္စည်းတင်ခုံဌာန၊ ဆေးမှုတ်နှင့် တပ်ဆင်ဌာန စသည့် ဌာနအလိုက် စက်ဘီးအစိတ်အပိုင်း ထုတ်လုပ်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကျားစီးနှင့် မစီးစက်ဘီး၊ ဝန်တင်စက်ဘီးနှင့် လျှပ်စစ်စက်ဘီးတို့ကိုလည်းကောင်း၊ဆိုက်ကားထုတ်လုပ်ထားမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက်အပ်ချုပ်စက် စက်ရုံသို့ သွားရောက်ပြီး သံရည်ကျို ပုံလောင်း အလုပ်ရုံကို ရှေးဦးစွာ ကြည့်ရှုစစ်ဆေးကြသည်။ဆင့်ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဖိနပ်စက်ရုံသို့ရောက်ရှိကြပြီး ဖိနပ်ထုတ်လုပ်သည့် လုပ်ငန်းအဆင့်ဆင့်နှင့် စက်ရုံထုတ်ဖိနပ်အမျိုးမျိုးကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကျောက်ဆည်မြို့နယ် အင်းကုန်းရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံသို့ ရောက်ရှိရာ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမော်က စက်ရုံ၏ သံရည်ကျို အလုပ်ရုံလုပ်ငန်းများကို ရှေးဦးစွာ ရှင်းလင်းပြသသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကျောက်ဆည်မြို့နယ် အင်းကုန်းရှိ မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

များတပ်ဆင်ထားမှုနှင့် စက်စွမ်းအားများ၊စက်ရုံအလိုက်ပစ္စည်းများ ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးရောင်းချမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အဆင့်မြင့် မီးခံအုတ်စက်ရုံ စက်ရုံမှူးက စက်ရုံ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် အဆင့်မြင့် မီးခံအုတ်ထုတ်လုပ်နိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် စက်ဘီးစက်ရုံသို့

ဆက်လက်၍ အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် မိုလ်ပုံစံဌာနစိတ်၊ ပုံလောင်းဌာနစိတ်၊ သံရည်ကျိုဌာနစိတ်တို့ကိုလည်းကောင်း၊ လိုင်းအလိုက် စက်ပစ္စည်း အစိတ်အပိုင်း တပ်ဆင်မှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် တာဝန်ရှိသူများက ထုတ်လုပ်ပြီး အပ်ချုပ်စက် စက်ခေါင်းများနှင့် အသုံးပြုနိုင်မှုများကို ရှင်းလင်းပြသကြသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် စွပ်ကျယ်စက်ရုံသို့ သွားရောက်ပြီး စက်ထိုးထည်ဌာန၊ အချောကိုင်ဌာန၊ အထည်ချုပ်ဌာန စသည့် စက်ရုံ၏ လုပ်ငန်းအဆင့်

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် အမှတ်-၃ အလုပ်ရုံ၊ အမှတ်-၂ အလုပ်ရုံ၊ အမှတ်-၁ အလုပ်ရုံတို့၏ စက်ပစ္စည်းများ တပ်ဆင်ထားမှု၊ အလုပ်ရုံအလိုက် စက်ပစ္စည်း အစိတ်အပိုင်းများ ထုတ်လုပ်နေမှု၊ အလုပ်ရုံအလိုက် ထုတ်လုပ်သည့် လက်တွန်းထွန်စက်နှင့် စပါးရိတ်စက်တို့၏ စက်ပစ္စည်း အစိတ်အပိုင်းများကို အသေးစိတ် လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ စက်ရုံ ရှင်းလင်းဆောင်၌ စက်ရုံမှူး ဦးအောင်မြင့်က စက်ရုံဆိုင်ရာအချက်အလက်များ၊ စက်ရုံမှ ထုတ်လုပ်မည့် လယ်ယာသုံး စက်ပစ္စည်းများ၊ အလုပ်ရုံအလိုက် ထုတ်လုပ်ပြီးသည့် စက်ပစ္စည်းအစိတ်အပိုင်းများ၊ ဝန်ထမ်းရေးရာ ကိစ္စများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမော်က ဖြည့်စွက်ရှင်းလင်းတင်ပြရာ အတွင်းရေးမှူး(၁)က လိုအပ်သည်များကို မှာကြားသည်။

မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံသည် တစ်နှစ်လျှင် လက်တွန်းထွန်စက်အစီး ၁၀၀၀၀နှင့်စပါး ရိတ်စက် အစီး ၅၀၀၀ ထုတ်လုပ်သွားနိုင်သည့်စက်ရုံဖြစ်သည်။ **(သတင်းစဉ်)**

"အမျိုးသမီးဘဝ ဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်စို့"

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်

ပြည်နယ်၊တိုင်း အမျိုးသမီးရေးရာအဖွဲ့ကိုယ်စားလှယ်များ

စုံညီအစည်းအဝေး

ရန်ကုန်မြို့ ၂၈၊ ၂၉-၃-၂၀၀၄

နိုင်ငံခြားရေးဝန်ကြီးဦးဝင်းအောင် ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် မတ် ၂၆

၂၀၀၄ခုနှစ် မတ်၂၆ရက်၌ကျရောက်သော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်ထံမှ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာအမ်၊မိုရှက်ခန်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

စာအုပ်ဈေးပွဲတော် ဆက်လက်ရောင်းချ

ရန်ကုန် မတ် ၂၅

(၅၉)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ကြီးမှူး၍ စာအုပ်ဈေးပွဲတော်ကို ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်း (အထက်)ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း(ယခင်ရုံးချုပ်)အဆောက်အအုံ၌ဆက်လက်ဖွင့်လှစ်ရောင်းချလျက်ရှိသည်။

စာအုပ်ဈေးပွဲတော်သို့ ဌာနဆိုင်ရာများ၊ ရဟန်းရှင်လူပြည်သူများ၊ ကျောင်းသား ကျောင်းသူများ ၅၀၀၀ ကျော် လာရောက်ကြည့်ရှုလေ့လာဝယ်ယူအားပေးကြရာ ယနေ့တွင် ငွေကျပ်ရှစ်သိန်းဖိုးခန့် ရောင်းချရသည်။

စာအုပ်ဈေးပွဲတော်ကို မတ်၂၈ ရက်အထိ ပိတ်ရက်မရှိနေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ အထူးလျှော့ဈေးနှုန်းဖြင့် ဆက်လက်ရောင်းချသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

ခုနစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၂၅

မြောက်ဥက္ကလာပမြို့နယ် ပုရွက်ဆိပ်ကုန်းရပ်ကွက်ဝေနေယျသုခကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီး ဘဒ္ဒန္တနန္ဒသာရ မြို့နယ်ဩဝါဒါစရိယ၊ မယ်လမုဘုရားဩဝါဒါစရိယကနိဗ္ဗာန်သွားရာအမှန် အာနပါန ဝိပဿနာ အလုပ်ပေး တရားစခန်းကို ဧပြီ ၁၁ ရက်မှ ၁၇ ရက်ထိ ဖွင့်လှစ်မည်ဖြစ်သည်။

တရားစခန်းဝင်လိုသူ ယောဂီများ ဧပြီ ၂ရက် နောက်ဆုံးထား၍ အဆိုပါကျောင်းတိုက်သို့စာရင်းပေးနိုင်ကြောင်း သိရသည်။ **(က-ပ)**

ပဲခူးမြို့ကံထူးဓမ္မရိပ်သာ ၁၀ ရက်တရားစခန်းပွဲ

ရန်ကုန် မတ် ၂၅

ယောဂီအပေါင်း သူတော်ကောင်းတို့ ကံထူးဓမ္မရိပ်သာကျောင်းတိုက်၌ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဋိစ္စသမုပ္ပါဒ် ခန္ဓာဉာဏ်ရောက် သစ္စာဆိုက်အောင် ဆရာတော် ဦးဝါယမ (မဟာဂန္ထဝါစကပဏ္ဍိတ)၊ ဆရာတော် ဦးပညာဝံသ၊ ဦးသံဝရ(နယ်လှည့်ဓမ္မကထိက)တို့က ၁၃၆၅ခုနှစ် တန်ခူးလပြည့်ကျော် ၂ရက်မှ ၁၃ရက် (ဧပြီ ၆ရက်မှ ၁၇ရက်)အထိ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်ရာ ယောဂီအပေါင်းတို့အားဖိတ်ကြားထားကြောင်း သိရသည်။ **(က-ပ)**

သဲအင်းဂူသကြ်န်အဓိဋ္ဌာန် ခုနစ်ရက်စခန်းဖွင့်မည်

ရန်ကုန် မတ် ၂၅

ရန်ကင်းမြို့နယ် မိုးကောင်းဘုရားဝင်းရှိ သဲအင်းဂူဓမ္မဗိမာန်တော်ကြီးတွင် မူလသဲအင်းဂူဆရာတော်ကြီး၏တပည့် ဩဝါဒါနှင့် ကမ္မဌာနာစရိယဆရာတော် ဘဒ္ဒန္တဝိမလ(မိုးကောင်း)နှင့် ဘဒ္ဒန္တဇဝနတိက္ခဆရာတော်(မုံရွာ) အရှင်သူမြတ်နှစ်ပါးတို့က ဧပြီ ၁၁ ရက်မှ ၁၈ ရက်အထိ သမထဝိပဿနာတရားတော်များကို ချီးမြှင့် ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများသည် ဧပြီ ၁၀ ရက် (စနေနေ့) ညနေ ၅ နာရီအရောက် လာရောက်စာရင်းသွင်းကြရန်နှင့် အရဏ်ဆွမ်း၊ နေ့ဆွမ်းများလည်း လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

မြဝတီရုပ်မြင်သံကြား

၂၆-၃-၂၀၀၄
(သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊က၊ရေး၊တီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၁၅ ၄။ နားဝင်ငြိမ့်စီးသီချင်းကြီး
- ၄:၂၀ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊က၊ရေး၊တီး ပြိုင်ပွဲအစီအစဉ်
- ၄:၃၀ ၆။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၄၀ ၇။ မျိုးချစ်တပ်မတော်
- ၄:၅၀ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Simple Linear (စီးပွားရေး၊ စီးပွားစီမံ၊ အိမ်တွင်းစီးပွား)
- ၅:၃၀ ၁၀။ ပညာခေတ်
- ၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မောင့်ရွှေနဖာစူး၊ မယ့်ရွှေနဖူးစာ"** (အပိုင်း-၁၇)
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်
- ၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး"** (ဒုတိယတွဲ) (အပိုင်း-၁)

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့် အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး၊

၂။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် တိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူဟာဖြင့် ချေမှုန်းရေး၊

၃။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး၊

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အား တောင့်တင်း၍ စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

(၅၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို

သင်းပျံ့မွှေးထုံ တပ်မတော်ဂုဏ်

★ တပ်မတော်သည်၊ မြန်မာပြည်တွက်
ခိုင်ကျည်စိတ်ဓာတ်၊ ရင်ဝယ်အပ်၍
မြင့်မြတ်နှလုံးသား၊ သွေးချွေးများဖြင့်
တိုင်းကားရန်စွယ်၊ စဉ်ကာကွယ်၏။

★ တပ်မတော်သည်၊ စည်းလုံးညီ၍
မြန်ပြည်တစ်လွှား၊ တိုင်းရင်းသားတို့
ပေါင်းထားရုံးစု၊ ညီညွတ်မှုဖြင့်
သူ့ကျွန်မခံ၊ စဉ်တွန်းလှန်၏။

★ တပ်မတော်သည်၊ သမိုင်းချီ၍
မြန်ပြည်အတွက်၊ ကိုယ့်အသက်ကို
ဖက်ရွက်ပမာ၊ မငဲ့သာဘဲ
စဉ်လာမြဲမြဲ၊ နစ်နာခံ၏။

★ တပ်မတော်သည်၊ ပြည်သစ်တည်ရန်
တူညီလက်တွဲ၊ ကြံ့ဉာဏ်ဖွဲ့ဖြင့်
အားခဲကြိုးကုတ်၊ ဝီရိယထုတ်၍
အုတ်မြစ်ခြေခံ၊ တည်ဆောက်ပြန်၏။

★ တပ်မတော်သည်၊ အမိပြည်အား
ခေတ်မီဖွံ့ဖြိုး၊ စီးပွားတိုးအောင်
အမျိုးသားရေး၊ ဦးစားပေးကာ
အလေးမူလျက်၊ ဦးဆောင်ရွက်၏။

★ ထိုထိုစဉ်လာ၊ ကောင်းများစွာဖြင့်
ပြည့်ကာလွှမ်းခြုံ၊ တပ်မတော်ဂုဏ်ကို
ထုံသင်းမြူဝေ၊ တပေါင်းနေ့၌
ရွက်ကြွေနုရွှ၊ ကဗျာလှုဖြင့်
ခြယ်သမှုန်းကာ၊ ဂုဏ်ယူပါလျက်
ညီညာအလေးပြုပါသည်။ ။

ရန်နိုင်ဦး

❀ ကျောဖုံးမှ

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကျင်းပပြုလုပ်သည့် စာပေ၊ အနုပညာပြိုင်ပွဲ ပြပွဲ ခင်းကျင်းပြသထားသည့် တပ်မတော်ခန်းမသို့ မြန်မာ့အလင်းသတင်းအဖွဲ့က သွားရောက်မေးမြန်းခဲ့ရာ ပြခန်းတာဝန်ခံ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) မှ အရာခံဗိုလ်မိုးအောင်က "ပြခန်းကို လုပ်ငန်းကော်မတီ ခုနစ်ခုဖြင့် ဖွဲ့စည်းပြီး ဆောင်ရွက်ခဲ့ပါကြောင်း၊ ပြခန်းတွင်(၅၉) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲဆုရ ဓာတ်ပုံများ၊ ကဗျာနှင့်အနုပညာပြိုင်ပွဲဆုရ ဓာတ်ပုံများ၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့်အခြေခံကျောင်းများ အဆင့် စာပေအနုပညာပြိုင်ပွဲ ဆုရ ဓာတ်ပုံများ၊ရုပ်တုများ၊ စစ်သည်တော်ကျင့်ဝတ်နှင့် ကျပန်းစကားပြောပြိုင်ပွဲ ဆုရ ဓာတ်ပုံများ၊ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိတွင် ဆုရရှိသူများ၊ ဦးတည်ချက် ၁၂ ရပ် ကွန်ပျူတာ

(၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာပေနှင့်အနုပညာပြိုင်ပွဲ ပြပွဲနှင့်ပတ်သက်၍ စာပေ အနုပညာပြိုင်ပွဲ ပြပွဲတာဝန်ခံ အရာခံဗိုလ်မိုးအောင်က မြန်မာ့အလင်းသို့ရှင်းပြစဉ်။
ဓာတ်ပုံမှတ်တမ်း-တင်စိုး (မြန်မာ့အလင်း)

ဉာဏ်စမ်းပြိုင်ပွဲဆုရရှိသူများ၏လက်ရာများကို ပြခန်းပေါင်းခြောက်ခန်းဖြင့် ဝေဝေဆာဆာ ပြသထားပါကြောင်း" ပြောကြားသည်။

တိုင်းကျိုးပြည်ပြု

ပြခန်းတွင် တပ်မတော်၏ ဂုဏ်ဒြပ်နှင့်အားမာန်၊ပြည်သူတို့အတူ လက်တွဲ၍ တိုင်းကျိုးပြည်ပြု ဆောင်ရွက်နေမှုများကို သစ်သားရုပ်တုများ၊ ပလာစတာရုပ်တုများဖြင့် ပြုလုပ်ထားသည့် သစ်သားပန်းပုရုပ်တု ၁၅၂ ခု၊ သီးသန့်ပလာစတာရုပ်တု ၃၁ ခုနှင့် ဓာတ်ပုံပေါင်းများစွာ ပြသထားသည့်အပြင် ပြိုင်ပွဲဝင်ပန်းချီကားလက်ရာ ၄၈ပုံ၊ တပ်မတော်နေ့ဂုဏ်ပြု ရေဆေးပန်းချီကားကြီး လေးခုနှင့် ဆီဆေးပန်းချီကား ၁၆ ခု ပြသထားသည်။

(၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စာပေအနုပညာပြိုင်ပွဲ ပြပွဲကျင်းပရာ တပ်မတော်ခန်းမကြီးထဲ ဝင်လိုက်သည်နှင့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ခံ့ညားထည်ဝါလှသော ဓာတ်ပုံကြီးကို ပြခန်းအလယ်ဗဟို ပြကွက်တွင်တွေ့ရှိရသည်။ ယင်းဓာတ်ပုံကြီး၏ ဝဲဘက်တွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ လမ်းညွှန်နေသည့် ပန်းချီကားကြီးကိုလည်းတွေ့ရှိရသည်။

ပြိုင်ပွဲဆုရ

ဖွံ့ဖြိုးသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံပြိုင်ပွဲဆုရ ဓာတ်ပုံပြကွက်တွင် ယခင်ဆုရပြီးသူများအဆင့် ပြိုင်ပွဲဝင်ဆုရ ဓာတ်ပုံများ၊ ဆုမရသေးသူများအဆင့် ပြိုင်ပွဲဝင်ဆုရဓာတ်ပုံများကို ခင်းကျင်းပြသထားသည်။ အဆိုပါ ဓာတ်ပုံပြကွက်တွင် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်နေမှုများကို နိုင်ငံတစ်ဝန်း နေရာဒေသ အသီးသီး၌ ပကတိ အနေအထားအတိုင်း ဓာတ်ပုံပညာ အမြင်စူးရှစွာ ရိုက်ကူးထားသည်မှာ ၎င်းနေရာဒေသများသို့ ချက်ချင်းရောက်ရှိနေသလိုပင် ခံစားရသည်။ တည်ဆောက်ရေး လုပ်ငန်းများနှင့် ခေတ်မီ အဆောက်အအုံသစ်များကို စိတ်ကူးအမြင် ကောင်းကောင်းဖြင့် ရိုက်ကူးထားသည်မှာ ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံကြီးတစ်နိုင်ငံ ရောက်ရှိနေသည့်အလား ခံစားရမည်ဖြစ်သည်။

ယဉ်ကျေးမှုအမွေစောင့်ထိန်းလေ ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် မြန်မာ့ရိုးရာ တူရိယာတီးခတ်နေပုံများ၊ ရှင်လောင်းလှည့်နေသည့်ဓာတ်ပုံများ၊တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော် အလှဓာတ်ပုံများ၊ အခါတိုင်းရင်းသူနှစ်ဦး ဗိုင်းငင်နေပုံများမှာ ကြည့်ရှုသူများအတွက် အသက်ဝင်အောင်၊ ရိုးရာယဉ်ကျေးမှု မြတ်နိုးစိတ် ဖြစ်ပေါ်အောင် နှိုးဆော်ပေးသကဲ့သို့ ရှိသည်။

သစ်သားပန်းပု

ထို့နောက်သစ်သားပန်းပုဆုရပုံများ ပြကွက်တွင် ပထမဆု ရရှိသော ကိုသောင်းထိုက်(ဒါးပိန်)၏ 'ရှေ့တန်းပြန်' အမည်ပေးထားသော သစ်သားရုပ်တုမှာ ရှေ့တန်းမှ တိုင်းပြည်တာဝန်များကို ခက်ခဲကြမ်းတမ်းစွာ ထမ်းဆောင်ပြီး အောင်မြင်စွာပြန်ရောက်လာသည့် တပ်မတော်သားတစ်ဦးက ချစ်ဇနီးကိုလက်ဆွဲပြီး သားငယ်ကို ပခုံးပေါ်တွင်ထမ်းကာ အောင်ပွဲခံ ပျော်ရွှင်နေပုံကိုစိတ်ကူးကောင်းကောင်းဖြင့် ထုလုပ်ထားသည်မှာ ကြည့်ရှုရသူအဖို့တိုင်းပြည်တာဝန်များကိုအန္တရာယ်ကြီးမားစွာ ကျေပွန်အောင်ထမ်းဆောင်နေကြသော တပ်မတော်သားများကို ဂုဏ်ယူစိတ်ဖြစ်ရပြီး ဘေးအန္တရာယ်ကင်းစွာ ပြန်ရောက်ရှိလာသည့်အခါ ဝမ်းသာပျော်ရွှင်စိတ် ဖြစ်နေသော မိသားစုကိုကြည့်ကာ အပျော်စိတ်ကူးစက်ခံစားရလေသည်။

ပလာစတာ

ပလာစတာပန်းပုပြိုင်ပွဲဆုရ ရုပ်တုများပြကွက်တွင်လည်း ပလာစတာရုပ် ၃၁ ရုပ်ပြသထားပြီး ပထမဆုရရှိသည့် မမွန်မွန်မြတ်(စတုတ္ထနှစ်) ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)၏ 'တာဝန်' အမည်ရှိ ရုပ်တုမှာလည်း တပ်မတော်သားတစ်ဦး တိုင်းပြည်တာဝန်များကို ထမ်းဆောင်နေမှုကို သားဖြစ်သူအားလက်ဆင့်ကမ်း သယ်ဆောင်စေလိုကြောင်း ပေါ်လွင်အောင် ထုလုပ်ပြသထားမှုမှာလည်း ရည်ရွယ်ချက်ကောင်းပြီး လက်ရာကောင်းလှသဖြင့် သားငယ်တစ်ဦးအား ကောင်းမြတ်သော တာဝန်ဝတ္တရားများကို အနာဂတ်တွင် လုပ်ဆောင်စေလိုသော ဖခင်တစ်ဦး၏ ကြီးမြတ်သော စေတနာကိုလည်း ခံစားနားလည်ရသည်။

(၅၉)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပြသထားသော ပလာစတာရုပ်တုများတွင် အလောင်းဘုရားရုပ်တုကြီးကလည်း တည်ငြိမ်ရင့်ကျက်သော ဣန္ဒြေအပြည့်နှင့် အသက်ဝင်လှသည်။

ထို့ပြင် တပ်မဟာများကို ကြည့်ရှုစစ်ဆေးနေသည့် ဘုရင့်နောင် မင်းတရားကြီး၏မြင်းစီးရုပ်တုကြီးမှာလည်း တကယ့် ဘုရင့်နောင်မင်းတရားကြီး အစစ်ဟု ထင်ရသကဲ့သို့ လက်ရာမြောက်လှပေသည်။

ပန်းချီပြိုင်ပွဲဆုရပုံများပြကွက်တွင် တပ်မတော်သားများ လုပ်အားဖြင့် တည်ဆောက်ခဲ့သော လမ်း၊ တံတားများ၊ အဆောက်အအုံများကို လည်းကောင်း၊ တိုင်းရင်းသားပြည်သူများနှင့် အတူလက်တွဲပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို အားတက်သရော ပူးပေါင်းလုပ်ကိုင်နေကြသည်များကိုတင်ပြချက် ကောင်းကောင်း၊ စုတ်ချက်ရဲရဲဖြင့် ဖော်ညွှန်းထားသည်မှာ နိုင်ငံဖွံ့ဖြိုးတိုးတက် ဆောင်ရွက်နေကြသော တပ်မတော်သားများနှင့် ပြည်သူများထံ ကိုယ်တိုင်ရောက်ရှိနေသကဲ့သို့ ခံစားရသည်။

တစ်ဖန် (၅၉) နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲဝင် ဆုရသူများ၏လက်ရာများကိုလည်း ခင်းကျင်းပြသထားရာအတွေးကောင်း ကောင်း အရေး ကောင်းကောင်းဖြင့် တပ်မတော်သားတို့၏ ပကတိလုပ်ရပ်နှင့် ဂုဏ်ဒြပ် တို့အပြင် ပြည် သူ များ နှင့် လက်တွဲပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အားတက် သရော လုပ်ကိုင် နေကြပုံ၊ နိုင်ငံတော် ကာကွယ်ရေး အတွက် အန္တရာယ် အခက်အခဲများ ကြားမှ တာဝန် ထမ်းဆောင်နေကြပုံများ၊ တိုင်းပြည်အတွက် စွန့်လွှတ်စွန့်စားခဲ့ကြရသော တပ်မတော်သားများ၏ လက်တွေ့ ဘဝအခြေအနေများကို ပြောင်မြောက်စွာ ဖော်ညွှန်းထားကြသည်မှာ စိတ်ဓာတ်တက်ကြွဖွယ်ရာ၊ ဂုဏ်ယူဖွယ်ရာ ဖြစ်သည်။

ထို့ကြောင့် သမိုင်းနှင့်ချီ၍ဂုဏ်ရောင်ထွန်းပြောင်ခဲ့သော တပ်မတော်၏ အကြောင်းအချက်များ၊ နိုင်ငံတော် ကာကွယ်ရေးအတွက် အသက်ပေးဆက်ရန်လက်မနှေးခဲ့သောတပ်မတော်သားတို့အကြောင်းများ၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးတွင် နေ့ညမအား ဆောင်ရွက်နေကြပုံများကိုသိရှိ ခံစားရမည်ဖြစ်သော (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်ပြပွဲကြီးဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

(မြန်မာ့အလင်း)

သစ်သားပန်းပုပြိုင်ပွဲတွင် ပထမဆုရ ကိုသောင်းထိုက်(ဒါးပိန်)၏ 'ရှေ့တန်းပြန်'သစ်သားပန်းပုရုပ်တုကို တွေ့ရစဉ်။
ဓာတ်ပုံမှတ်တမ်း-တင်စိုး (မြန်မာ့အလင်း)

မင်းပြားမြို့နယ်အသင်း(ရန်ကုန်) ဂုဏ်ပူဇော်သဘင်နှင့် နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် မတ် ၂၅

၂၀၀၄ ခုနှစ်တွင် နိုင်ငံတော်က ဆက်ကပ်လှူဒါန်းတော်မူသော အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဓမ္မသာမိ အနောက်အုတ်ကျင်းကျောင်းဆရာတော် ရွှေပြည်သာမြို့နယ်အား ပူဇော်ကန်တော့ပွဲ၊ မင်းပြားမြို့နယ်သားကျောင်းထိုင် ဆရာတော်များအား ကန်တော့ပွဲ၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် မင်းပြားမြို့နယ်အသင်း၏ (၁၅)ကြိမ်မြောက် သင်းလုံးကျွတ်အစည်းအဝေးတို့ကို မတ် ၂၈ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် မင်္ဂလာကျောင်း ရွှေကျင်တိုက် ဇဟန်းတွင် ကျင်းပမည် ဖြစ်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

သင်္ကြန်တရားစခန်းပွဲ

ရန်ကုန် မတ် ၂၅

ရန်ကုန်တိုင်း သာကေတမြို့နယ် (၉)ရပ်ကွက် နဝရတ်လမ်း ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်တွင် ဧပြီ ၉ရက်မှ ၁၈ ရက်အထိ ၁၀ရက်တရားစခန်းကို ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပဒိဿယ အတိုင်း ပုညာရာမကျောင်းတိုက် ပဓာန နာယကဆရာတော် အရှင်ပုညာနန္ဒက ခန္ဓာဉာဏ်ရောက် သစ္စာလေးပါးတရားတို့ကို ဟောကြား ပြသမည်ဖြစ်ရာ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

ရန်ကုန်ပညာရေးတက္ကသိုလ် နွေရာသီအနီးကပ်သင်တန်း ဖွင့်မည့်ရက်ကြေညာ

ရန်ကုန် မတ် ၂၅

၂၀၀၃–၂၀၀၄ ပညာသင်နှစ် ပညာရေးဘွဲ့ စာပေးစာယူသင်တန်းသား ဆရာ ဆရာမများကိုယ်တိုင် တက်ရောက်သင်ယူရမည့် နွေရာသီအနီးကပ်သင်တန်းနှင့် ဖြေဆိုရမည့် စာမေးပွဲများကို ရန်ကုန်ပညာရေးတက္ကသိုလ်တွင် ကျင်းပမည်ဖြစ်ရာ သင်တန်းအပတ်စဉ်(၂၂)ပထမနှစ်သင်တန်းနှင့်အပတ်စဉ်(၂၁)ဒုတိယနှစ် သင်တန်းတို့ကို ဧပြီ ၂၂ ရက်မှမေ ၁၃ ရက်အထိ ဖွင့်လှစ်ပို့ချမည်ဖြစ်၍ နောက်အကျဆုံးသတင်းပို့ရမည့်ရက်မှာ ဧပြီ ၂၁ ရက် ဖြစ်ပြီး သုံးရက်ထက်ကျော်လွန်နောက်ကျခြင်းကို ခွင့်ပြုမည်မဟုတ်ကြောင်းနှင့် အဆိုပါသင်တန်းများ၏ စာမေးပွဲ ကျင်းပမည့်ကာလမှာ မေ ၁၇ ရက်မှ ၂၁ ရက်အတွင်း ဖြစ်ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။

(သတင်းစဉ်)

အောင်တော်မူမဟာစည်ရိပ်သာတရားစခန်းပွဲ

ရန်ကုန် မတ် ၂၅

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့ အောင်တော်မူသာသနာ့ ရိပ်သာတွင် မဟာစည်ဆရာတော် ဘုရားကြီး၏ ဥပနိဿယအတိုင်း သင်္ကြန် ၁၀ ရက် အထူးတရားစခန်းကို ဧပြီ ၇ ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ထိုတရားစခန်းတွင် ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ နာယကအဖွဲ့ဝင် မဟာကမ္မဋ္ဌာနာစရိယ အောင်တော်မူရိပ်သာဆရာတော်နှင့် မဟာစည် နယ်လှည့် ဓမ္မကထိက အရှင်အာစိဏ္ဏ၊ အရှင်တေဇဝန္တ တို့က မဟာသတိပဋ္ဌာန် အလုပ်ပေးတရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများနှင့် ဒုလ္လဘရဟန်း သာမဏေ၊ သီလရှင်ဝတ်လိုသူများ ကြိုတင်စာရင်းပေးသွင်း၍ အလှူရှင်များ ရိပ်သာဖုန်း ၀၆၁–၅၀၃၀၆သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

အခြေခံဝန်ထမ်းလောင်း (အငယ်တန်း) သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

ရန်ကုန် မတ် ၂၅

ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)၏ အခြေခံဝန်ထမ်းလောင်း (အငယ်တန်း)သင်တန်း အမှတ်စဉ်(၂၂) သူရိန်သင်တန်းဆင်း စစ်ရေးပြ အခမ်းအနားကို လေ့ကျင့်ရေးကွင်း အမှတ်(၁)၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ သင်တန်းဆင်းများက ကျောင်းအုပ်ကြီး ပါမောက္ခချုပ် ဗိုလ်မှူးကြီးဝင်းမောင်အား တပ်စုအလိုက် ချီတက်အလေးပြုကြသည်။

အခမ်းအနားတွင် ကျောင်းအုပ်ကြီးက သင်တန်းဆင်းအမှာစကား ပြောကြားပြီး သင်တန်း၌ ထူးချွန်သူများကို ဆုများချီးမြှင့်ရာ သင်တန်းသား စံပြဆုကို ကသ–၈၄ ဦးဇော်မင်းဦး၊ ပထမဆုကို ကသ–၁၄၁ ဦးဘုန်းတေဇာ၊ ဒုတိယဆုကို ကသ–၉၄ ဦးမင်းဦး၊ သေနတ်ပစ်ထူးချွန်ဆုကို ကသ–၁၀၅ဦးငွေးလွင်နှင့် စစ်ရေးပြထူးချွန်ဆုကို ကသ–၁၄၄ ဦးသက်ခိုင်တို့ကလည်းကောင်း၊ သင်တန်းသူ စံပြထူးချွန်ဆုကို ကသ–၂၀ ဒေါ်လွင်လွင်ရီ၊ ပထမဆုကို ကသ–၁၂ ဒေါ်ခိုင်သဇင်၊ ဒုတိယဆုကို ကသ–၃၅ ဒေါ်သိဂီမြင့်၊ သေနတ်ပစ်ထူးချွန်ဆုကို ကသ–၁၁ ဒေါ်မိရွှေဝါနှင့် စစ်ရေးပြထူးချွန်ဆုကို ကသ–၈၁ ဒေါ်သီတာသန်းတို့အားလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အုန်းတောခန်းမ၌ ပါမောက္ခချုပ် ဗိုလ်မှူးကြီးဝင်းမောင်က သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်လိုက်ကြောင်း သိရသည်။ **(က–ပ)**

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

Myanma Golden Star Group Company Limited.ºနှင့် Tun Foundation Bankºတို့၏ဥက္ကဋ္ဌ ဦးသိန်းထွန်း၏ ၂၆–၃–၂၀၀၄ ရက်တွင်ကျရောက်သည့် မွေးနေ့မင်္ဂလာ ရက်မြတ်မှသည် နောင်ရာစုနှစ်များတိုင်အောင် ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပြီး နိုင်ငံအကျိုး ဆတက်ထမ်းပိုး သယ်ပိုးနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်။

Myanma Golden Star Co., Ltd. မှ ဝန်ထမ်းများ
MGS Beverages Co., Ltd.ºမှ ဝန်ထမ်းများ
MGS Co., Ltd. (Softdrink Operation Division)မှ ဝန်ထမ်းများ
Myanma Golden Star Sales & Distribution Centreºမှဝန်ထမ်းများ
Pioneer Venture Ltd.ºမှဝန်ထမ်းများ
Myanmar Development International Co., Ltd. မှဝန်ထမ်းများ
Tun Foundation Bank Co., Ltd.ºမှဝန်ထမ်းများ
Dagon Dairy Products Co., Ltd.ºမှဝန်ထမ်းများ
MGS Food Co., Ltd.ºမှဝန်ထမ်းများ
Kawei Golden Star Co., Ltd.ºမှဝန်ထမ်းများ
Nan Htike Co., Ltd.ºမှဝန်ထမ်းများ
MGS Agriculture Co., Ltd.ºမှဝန်ထမ်းများ
National Development Corporationºမှဝန်ထမ်းများ
Myanmar Development Resource Centreºမှဝန်ထမ်းများ
Universal Consumer's Goods Co., Ltd.ºမှဝန်ထမ်းများ

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန်လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များမသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၄ ခုနှစ် မတ်လအတွက်
နောက်ဆုံးပတ် (တနင်္ဂနွေနေ့)
၂၈–၃–၂၀၀၄ ရက်နေ့
၂၀၀၄ ခုနှစ် ဧပြီလအတွက်
၁၁–၄–၂၀၀၄ ရက်နေ့ နှင့် ၂၅–၄–၂၀၀၄ ရက်နေ့

မြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏အစီအစဉ်
MIN KYAW MIN'S
SPOKEN ENGLISH CLASS
သင်တန်းသစ်ကို ၉–၄–၂၀၀၄ ရက်တွင် စမည်။
သုံးလသင်တန်း တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ 9:00°am to 1 1:30
လူဦးရေအကန့်အသတ်ဖြင့်သာလက်ခံမည်။
Multi-media Style Lab,audio-visual aidနှင့်ခေတ်မီအထောက်အကူများသုံးမည်။
၁၀ တန်းအောင်ပြီးသူ၊ ဘွဲ့ရ၊ ဘွဲ့လွန်များအတွက် အကျုံးဝင်၊ အသုံးဝင်မည်။
THE NEW LIGHT OF MYANMARºသတင်းစာတိုက်
ကမ်းနားလမ်းနှင့် ၄၃ လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
စုံစမ်းရန် ဖုန်း–၂၉၆၁၆၁။

အောင်မြင်ထိုးဆုတ်ရေးခေရာ
THAMES
Management Centre
Diploma in Business Administration
No. 226, Botahtaung Pagoda Rd. Ygn. Tel: 203189, 200243, 256820

မီး သတိပြုပါ

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ဟိန်း၏ နိုင်ငံကူးလက်မှတ် အမှတ်–၀၆၈၇၅၃ သည် ရန်ကုန်မြို့အတွင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။ **မောင်ဟိန်း ၀၉–၉၉–၂၆၅၃၉**

ရောင်းမည်

တောင်ဒဂုံစက်မှုဇုန်(၂)ရွှေတောင်ကြား(၅)လမ်း

မြေကွက်အကျယ် ပေ ၆၀Xပေ ၉၀ အုတ်ရိုး ပတ်လည်အပြည့်ခတ်ထား၊ ပေ ၄၀ ပတ်လည် ဂိုဒေါင်တစ်လုံးနှင့် ၁၅ပေX ပေ၅၀ နှစ်ထပ်အိမ် တစ်လုံး၊ ရေ၊ မီးစုံ၊ပါဝါမီတာပါ ရောင်းမည်။
ဆက်သွယ်ရန်–ဖုန်း–၂၄၀၈၂၅၊၀၉–၉၉–၂၆၇၁၉

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

ကုမ္ပဏီမှ အောက်ပါ ဝန်ထမ်းများ အလိုရှိသည်။

စာရင်းကိုင်ကျွမ်းကျင်သူဝန်ထမ်း (၃)ဦး

၁။ B.Com,C.P.A ဘွဲ့ရရှိသူဖြစ်ရမည်။
၂။ အသက်(၃၅)နှစ်ထက်မကြီးရ။
၃။ Computerized Accounting ကျွမ်းကျင်ပြီး ဌာနတစ်ခုလုံး၏ စာရင်းကို နိုင်နင်းစွာ စီမံခန့်ခွဲနိုင်သူ ဖြစ်ရမည်။

အထက်ပါ အရည်အချင်းနှင့်ပြည့်စုံ သူများသည် ... ပညာအရည်အချင်း အထောက်အထားမိတ္တူ (အောင်လက်မှတ်မူရင်း ပြနိုင်ရမည်)၊ ... ကြော်ငြာပါသည့် နေ့မှစ၍(၁၀)ရက်အတွင်း အောက်ပါ လိပ်စာအတိုင်း လူကိုယ်တိုင် လာရောက်လျှောက်ထား နိုင်သည်။

အမှတ်(၁၁၇)...
ဖုန်း/ဖက်စ်–

မြန်ကြားရေးဝန်ကြီးဌာန၏ အစီအစဉ်
NPE FOREVER GROUP
ကွန်ပျူတာနည်းပညာ...သင်တန်းများ
Office Operating Course (Basic)
Desktop Publishing Course (DTP)
Engineering Design Course (AutoCAD)
Programming Course (Visual Basic)
Computerized Accounting Course (Accpac, UBS)
Hardware & System Administration Course (A+)
No.173/175, Pansodan Street, Kyauktada Township, Yangon.
Ph: 01-256265, 701180

Home Distribution Group
Ready Made Floor
Decorative Wall Covering
(Office & Show Room)

လူကုန်ကူးခြင်းနှင့် လူမှောင်ခိုခြင်း

မြန်မာနိုင်ငံသည် ရေမြေသဘာဝ ပတ်ဝန်းကျင်အလှအပများ၊ သဘာဝ အလှတရားများနှင့်ပြည့်စုံသော နိုင်ငံဖြစ်သည်။ ထိုနည်းတူ သယံဇာတ ပေါကြွယ်ဝသော နိုင်ငံလည်း ဖြစ်သည်။ မြန်မာလူမျိုးတို့သည် ငယ်ရွယ်နုနယ်စဉ်ကာလကပင် နိုင်ငံကို ချစ်မြတ်နိုးစိတ်ဖြင့် အမျိုးသားရေး လက္ခဏာများ တောက်ပလျက်ရှိသော နိုင်ငံဖြစ်သည်။

မြန်မာဟူသည် နူးညံ့သိမ်မွေ့သော မြန်မာ့ယဉ်ကျေးမှုကို အခြေခံကာ ဘာသာရေး အဆုံးအမများဖြင့် နိဗ္ဗာန်ရောက်ကြောင်းတရားကို မျက်မှောက်ပြုနေသူများ ဖြစ်ကြသည်။ မြန်မာ့ယဉ်ကျေးမှုသည် ကြီးသူကို ရိုသေ၊ ရွယ်တူကို လေးစား၊ ငယ်သူကို သနားကြကာ မိမိအမျိုးအနွယ်ကို စောင့်ထိန်းရင်း ခေတ်မီနိုင်ငံတော်ကြီး ပေါ်ထွန်းရေးအတွက် အားကြိုးမာန်တက် နိုင်ငံတော်နှင့် ပြည်သူ လက်တွဲဆောင်ရွက်လျက် ရှိသည်။

ထိုကဲ့သို့ အားကြိုးမာန်တက်ဆောင်ရွက်နေစဉ် မြန်မာမှုစရိုက်နှင့်လိုက်ဖက်ခြင်းမရှိသော ပြဿနာဆိုးကြီးတစ်ခု ပေါ်ပေါက်လာသည်။ ယင်းပြဿနာမှာ လူကုန်ကူးမှု ဖြစ်သည်။

ကျေးကျွန်စနစ်သည် လွန်ခဲ့သော နှစ်ပေါင်း ၂၀၀ခန့် ကတည်းက ကမ္ဘာမှ ပျောက်ကွယ်ခဲ့သော်လည်း လွန်ခဲ့သော ၁၀ နှစ်ခန့်က ခေတ်သစ်ကျေးကျွန်စနစ် ပြန်လည်ပေါ်ပေါက်လာခဲ့သည်။ ကမ္ဘာတွင် နှစ်စဉ် ၂၁သမ၄သန်း အထိ လူကုန်ကူးမှုခံခဲ့ရပြီး ယခုအခါ ၂၇သန်းမက ကမ္ဘာမှာ လူကုန်ကူးခံနေရသည်။

ယနေ့ကမ္ဘာကြီးအား ခြိမ်းခြောက်လျက်ရှိသည့် ပြဿနာကြီး သုံးရပ်ရှိသည်။ ယင်းတို့မှာ အကြမ်းဖက်မှု၊ မူးယစ်ဆေးဝါးမှုနှင့်လူကုန်ကူးမှုတို့ဖြစ်သည်။ အိမ်နီးချင်း ငါးနိုင်ငံအနက် စီးပွားရေးတိုးတက်မှုကွာဟ၍ သွားလာရန် လွယ်ကူသော ထိုင်းနှင့်တရုတ်နိုင်ငံသို့ တရားမဝင်သွားရောက်အလုပ် လုပ်ကိုင်ရာမှ လူကုန်ကူးမှု ပြဿနာသည် လွန်ခဲ့သော ၄၊ ၅နှစ်ခန့်ကစ၍ ပေါ်ပေါက်ခဲ့သည်။

မြန်မာနိုင်ငံမှနေ၍ တရားမဝင်အလုပ်လုပ်ကိုင်ကြသူများမှာ ထိုင်းတွင် တစ်သန်းခန့်၊ တရုတ်နိုင်ငံတွင် တစ်သိန်းခန့်ရှိကြောင်း သိရသည်။ ထိုကဲ့သို့ တရားမဝင်အလုပ်လုပ်ကိုင်သူများအပေါ် နည်းမျိုးစုံဖြင့် ခေါင်းပုံဖြတ် အမြတ်ထုတ်နေကြောင်းနှင့်လူကုန်ကူးမှုပြဿနာသည် ငယ်ရွယ်သော အမျိုးသမီးများကို လူမှုရေးအရ ထိခိုက်နစ်နာစေပြီး HIV/AIDS ရောဂါဆိုးကြီးများ ပျံ့နှံ့စေခဲ့သည်။

Globalization၊ ဖွံ့ဖြိုးမှု မမျှတခြင်း၊ တည်ငြိမ်မှုမရှိခြင်းတို့ကြောင့် အကြမ်းဖက်မှု၊ မူးယစ်ဆေးဝါးရောင်းဝယ်မှု၊ ငွေကြေးခဝါချမှု၊ လူကုန်ကူးမှု၊ လက်နက်မှောင်ခိုမှု၊ ပင်လယ်ဓားပြမှု၊ စီးပွားရေးဆိုင်ရာမှုခင်း၊ ကွန်ပျူတာဆိုင်ရာမှုခင်းစသည့် နိုင်ငံဖြတ်ကျော်မှုခင်းရှစ်ခုသည် ၁၉၈၀ ပြည့်နှစ်နောက်ပိုင်းတွင် တိုးတက် ပေါ်ပေါက်လာသည်။

လူကုန်ကူးခြင်းသည် ယခုခေတ်၏ အဆိုးရွားဆုံးသော လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်၍ နိုင်ငံတကာမှ ပူးပေါင်းတိုက်ဖျက်ရန် ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်က တိုက်တွန်းခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် ၁၉၉၆ခုနှစ်ခန့်ကစ၍ ဤပြဿနာကြီးကို တိုက်ဖျက်ရန် ကြိုးပမ်းအားထုတ်ခဲ့သည်။ မြန်မာလူမျိုးတို့၏ တန်ဖိုးထားစောင့်ရှောက်သော အမျိုးအနွယ် စောင့်ထိန်းမှုကို ထိခိုက်ပျက်ပြားစေသဖြင့် ဤပြဿနာတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် မူဝါဒချမှတ် ဆောင်ရွက်ခဲ့သည်။

လူကုန်ကူးမှုဖြစ်စေသော အကြောင်းရင်းများမှာ အောက်ပါအကြောင်း (၁၀)ချက်ကြောင့် ဖြစ်ကြောင်း တွေ့ရှိရသည်။

(၁) ဝင်ငွေနည်းခြင်း၊
(၂) အလုပ်အကိုင်ရှားပါးခြင်း၊
(၃) ပညာရေးနိမ့်ပါးခြင်း၊
(၄) သတင်းမှန်မသိရှိခြင်း၊
(၅) ယုံလွယ်ခြင်း၊
(၆) မိသားစုထောက်ပံ့ရန်လိုအပ်ခြင်း၊
(၇) စိတ်ဝင်စားမှုနည်းပါးခြင်း၊
(၈) စူးစမ်း စမ်းသပ်လိုခြင်း၊
(၉) မိသားစုပြဿနာရှိခြင်း၊
(၁၀) အကြွေးတင်ခြင်း။

ထိုကဲ့သို့ အကြောင်းများအပေါ် အခြေခံနေသူများအား အောက်ပါအချက်သုံးချက်ဖြင့် လူကုန်ကူးသူများက ဆွဲဆောင်ကြသည်။

(၁) ဝင်ငွေပိုမိုရရှိခြင်း၊
(၂) အလုပ်အကိုင် အခွင့်လမ်းကောင်းခြင်း၊
(၃) သူတစ်ပါးကို အားကျစေခြင်း။

လူကုန်ကူးခြင်းနှင့် လူမှောင်ခိုခြင်းတို့သည် တစ်ခုနှင့်တစ်ခု တူညီမှုမရှိဘဲ ခြားနားချက်များရှိကြောင်း တွေ့ရှိရသည်။

(၁) **ဥပဒေဆိုင်ရာ ဖွင့်ဆိုချက်**

(က) **လူကုန်ကူးခြင်း။** ခေါင်းပုံဖြတ်ရန် အဓမ္မပြုခြင်း၊ အခြားနည်းအကျပ်ကိုင်ခြင်း၊ သွေးဆောင်ခြင်း၊ ပြန်ပေးဆွဲခြင်း၊ ကလိမ်ကျခြင်း၊ လိမ်လည်လှည့်ဖြားခြင်း၊ အာဏာအလွဲသုံးခြင်းတို့ကို အသုံးပြုကာ အခြားသူကို စုဆောင်းခြင်း၊ ပို့ဆောင်ခြင်း၊ ရွှေ့ပြောင်းခြင်း၊ လက်သင့်ခံခြင်း၊ လွှဲပြောင်းခြင်းဖြစ်သည်။

(ခ) **လူမှောင်ခိုခြင်း။** ငွေကြေးအကျိုးအမြတ်ရယူကာ မိမိနိုင်ငံမဟုတ်သော နိုင်ငံတစ်နိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လိုသူများအား ခိုးသွင်းခြင်းဖြစ်သည်။

(၂) **သားကောင်အင်္ဂါရပ်**

(က) **လူကုန်ကူးခြင်း။** လူကုန်ကူးခံရသူ သားကောင်သည် ခေါင်းပုံဖြတ်ခံရသူဖြစ်သည်။ လူအပေါ် ကျူးလွန်သော ပြစ်မှုဖြစ်သည်။

(ခ) **လူမှောင်ခိုခြင်း။** လူမှောင်ခိုခြင်း၌ သားကောင်မရှိဘဲ အလုပ်အပ်သူ၊ ငှားရမ်းသူသာ ဖြစ်သည်။ နိုင်ငံအပေါ် ကျူးလွန်သော ပြစ်မှုဖြစ်သည်။

(၃) **ဆန္ဒ**

(က) **လူကုန်ကူးခြင်း။** ဆန္ဒမှန် ပါဝင်ခြင်းမရှိဘဲ သားကောင်သည် ၎င်းအား ကတိပြုထားသည့်အတိုင်း ယုံကြည်နေသူဖြစ်သည်။

(ခ) **လူမှောင်ခိုခြင်း။** ဆန္ဒမှန်ပါဝင်သည်။ တရားမဝင် ဝင်ရောက်လိုသူ၏ ဆန္ဒကို မှောင်ခိုသူကဖြည့်ဆည်းခြင်းဖြစ်သည်။

(၄) **ရွှေ့ပြောင်းခြင်း၏ ရည်ရွယ်ချက်**

(က) **လူကုန်ကူးခြင်း။** ခရီးဆုံးတွင် ခေါင်းပုံဖြတ်ရန်ဖြစ်သည်။

ညေဝတီမေရှက်နှ

(ခ) **လူမှောင်ခိုခြင်း။** သဘောတူညီထားသော အကျိုးအမြတ်ရရှိရေးအတွက် ခရီးဆုံးရောက်အောင် ပံ့ပိုးကူညီရန်ဖြစ်သည်။

(၅) **ခရီးအဆုံး**

(က) **လူကုန်ကူးခြင်း။** ခေါင်းပုံဖြတ်ခံရသည့်နေရာသည် ခရီးဆုံး ဖြစ်သည်။ နိုင်ငံတကာတွင် ဖြစ်နိုင်သကဲ့သို့ ပြည်တွင်းတွင်လည်း ဖြစ်နိုင်သည်။

(ခ) **လူမှောင်ခိုခြင်း။** နိုင်ငံတကာ ပြဿနာဖြစ်သည်။ တစ်ခါတစ်ရံ နယ်နိမိတ်ဖြတ်ကျော်ပြီးသည်နှင့် ခရီးဆုံးသည်။

(၆) **စုဆောင်းခြင်းနှင့်ဝယ်ယူခြင်း**

(က) **လူကုန်ကူးခြင်း။** အမြတ်အစွန်းရရန် အလားအလာကောင်းသူများကို ဝယ်ယူခြင်းအပါအဝင် နည်းမျိုးစုံဖြင့် ရှာဖွေစုဆောင်းသည်။

(ခ) **လူမှောင်ခိုခြင်း။** ရှာဖွေစုဆောင်းခြင်းမပြုပါ။ သတင်းဖြန့်ခြင်းဖြင့် ၎င်းတို့ကို အသုံးပြုမည့်သူများကို ဆွယ်ယူသည်။

(၇) **ဖောက်သည်ဆက်နွယ်မှု**

(က) **လူကုန်ကူးခြင်း။** ဖောက်ကားဆက်ဆံမှုသည် စုဆောင်းရောင်းချသူနှင့် ဝယ်ယူအသုံးပြုသူတို့ အကြားတွင်သာရှိသည်။ သားကောင်သည် ရောင်းကုန်သာ ဖြစ်သည်။

(ခ) **လူမှောင်ခိုခြင်း။** မှောင်ခိုသူနှင့် နိုင်ငံဖြတ်ကျော် ခိုးဝင်လိုသူတို့အကြား ဖောက်သည်ဆက်ဆံမှုရှိသည်။

(၈) **သားကောင်(သို့မဟုတ်)ဖောက်သည်**

(က) **လူကုန်ကူးခြင်း။** လူကုန်ကူးသူ၏ လှည့်ဖြားမှုမက်လုံးကို ယုံကြည်ပြီး သဘောတူလိုက်ပါလေ့ရှိသဖြင့် သားကောင်ကိုယ်တိုင် မိမိကိုယ်မိမိဖောက်သည်ဟုယူဆနေတတ်သည်။ သားကောင်၏ ရုပ်ရည်၊ အသက်နှင့် ကြံ့ခိုင်မှုစသည့် ပုံသဏ္ဌာန်သည် လူကုန်ကူးခံရခြင်း အကြောင်းရင်းဖြစ်သည်။

(ခ) **လူမှောင်ခိုခြင်း။** ဖောက်သည် သက်သက်ဖြစ်သဖြင့် အခြား ဆက်နွယ်သော အကြောင်းမရှိပါ။

(၉) **ဗဟုသုတနှင့် ထိန်းချုပ်မှု**

(က) **လူကုန်ကူးခြင်း။** လူကုန်ကူးသူသည် ခရီးလမ်းကြောင်း ဗဟုသုတပြည့်ဝသည်။ သားကောင်အားဆုံးဖြတ်ခွင့် မပေး၊ အချိန်မနှောင်းမီ ထိန်းချုပ်မှုကို မသိကြပေ။

(ခ) **လူမှောင်ခိုခြင်း။** ဖောက်သည်တွင် ဗဟုသုတနှင့်အခြေအနေပေါ် ထိန်းချုပ်နိုင်စွမ်းရှိသည်။

(၁၀) **အမြတ်အစွန်း**

(က) **လူကုန်ကူးခြင်း။** ကနဦးရောင်းချမှု အမြတ်အစွန်းအပြင် အဖန်တလဲလဲ ခေါင်းပုံဖြတ်ရာမှ အမြတ်ရယူလေ့ရှိသည်။

(ခ) **လူမှောင်ခိုခြင်း။** နယ်စပ်ဖြတ်ကျော်ခြင်းအတွက် ဖောက်သည်ပေးသော အခကြေးငွေသာ ဖြစ်သည်။

(၁၁) **အကြမ်းဖက်မှု**

(က) **လူကုန်ကူးခြင်း။** အကြမ်းဖက်မှုသည် လူကုန်ကူးခြင်း၏ လုပ်နည်းတစ်ရပ်ဖြစ်သည်။ သားကောင်ကိုနိုင်နင်းစွာ ထိန်းချုပ်ရန် အသုံးပြုသည်။

(ခ) **လူမှောင်ခိုခြင်း။** အကြမ်းဖက်မှုပါဝင်ခြင်း မရှိပါ။

(၁၂) **ဆိုက်ရောက်ခြင်း**

(က) **လူကုန်ကူးခြင်း။** ရောင်းချခြင်း (သို့) အလုပ်ခိုင်းခြင်းခံရသည်။ တစ်စုံတစ်ဦး၏ ပိုင်ဆိုင်ထိန်းချုပ်ခြင်း ဆက်ခံရသည်။

(ခ) **လူမှောင်ခိုခြင်း။** လိုရာရောက်သည့်အတွက် ဖောက်သည် စိတ်ကျေနပ်မှုရရှိသည်။

မိမိကိုယ်ကိုမိမိ ထိန်းသိမ်းနိုင်စွမ်းမရှိဘဲ ဝင်ငွေပိုမိုရရှိလိုခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းကောင်းလိုခြင်း၊ တစ်ပါးသူအပေါ်၌ အားကျစိတ် များသူတို့သည် ဝိသမလောဘသမားများ၏ လက်တွင်းကျရောက်ကာ လူကုန်ကူးခြင်း/ လူမှောင်ခိုခြင်း ခံကြရလေသည်။

ထိုသို့ လူကုန်ကူးခံရသူများသည် စက်ရုံ၊ အလုပ်ရုံများတွင် လုပ်ခအနည်းငယ်ဖြင့် ပင်ပန်းစွာ လုပ်ကိုင်ကြရသည်။ အဓမ္မလုပ်အား ခေါင်းပုံဖြတ်ခံရသည်။ အလုပ်ရှင်နှင့်မိသားစု၏ ညှဉ်းပန်းနှိပ်စက်မှု၊ ကြမ်းတမ်းစွာဆက်ဆံမှုခံရသည်။ Sexual factory များတွင် အသုံးချခံရသည်။ အထူးသဖြင့် ကလေးသူငယ်လေးများသည် တောင်းရမ်း၍ ငွေရှာခိုင်းခြင်းခံရသည်။ ညစ်ညမ်းဓာတ်ပုံများအတွက် အသုံးချခြင်းခံရသည်။ ခန္ဓာကိုယ်မှ အစိတ်အပိုင်းထုတ်၍ အသုံးချခြင်းခံရသည်။

လူကုန်ကူးခြင်း၊ လူမှောင်ခိုခြင်းခံရသူတို့၏ လမ်းဆုံးမှာ အနိဋ္ဌာရုံများ လွှမ်းမိုးလျက်ရှိသည်။ ထိုသူတို့သည် ကိုယ်ခန္ဓာချို့တဲ့သည့်ဘဝသို့ရောက်ရှိခြင်း၊ HIV/AIDSရောဂါစွဲကပ်ခြင်း၊ လူမဆန် တိရစ္ဆာန်ကဲ့သို့ သေကျေပျက်စီးခြင်း ဇာတ်သိမ်းမလှ ဖြစ်ကြရသည်။

မြန်မာနိုင်ငံအနေဖြင့် အမျိုးသမီးနှင့် ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်ရန် မူဝါဒချမှတ်၍ ၃–၆–၉၆ရက်နေ့မှစတင်၍ (MNCWA)ကို ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ အမျိုးသားစီမံကိန်း (National Plan of Action for Trafficking in Women and Children) ကိုလည်း ၃–၇–၉၈ ရက်နေ့တွင် ရေးဆွဲဆောင်ရွက်ခဲ့သည်။

ထို့အပြင် ယူနီဆက်စသည့် အဖွဲ့အစည်းများ၊ အာဆီယံအဖွဲ့များနှင့် ပူးပေါင်း၍လည်း ပူးတွဲကြေညာစာတမ်းထုတ်ပြန်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်၊ ထိုင်း၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်တို့အပြင် ရုရှား၊ ဗီယက်နမ်၊ ဩစတြေးလျတို့နှင့် နှစ်နိုင်ငံပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ သတင်းဖလှယ်ရေးများ ဆောင်ရွက်လျက်ရှိသည်။

လူကုန်ကူးခြင်းကို မြန်မာနိုင်ငံအနေဖြင့် အလေးပေးအရေးယူ ဆောင်ရွက်လျက်ရှိရာ လမ်းကြောင်းခုနစ်ကြောင်းဖြင့် အရေးယူဆောင်ရွက်လျက် ရှိသည်။ ယင်းလမ်းကြောင်းများမှာ ကော့သောင်းလမ်းကြောင်း၊ မြဝတီလမ်းကြောင်း၊ တာချီလိတ်လမ်းကြောင်း၊ လွယ်ဂျယ်လမ်းကြောင်း၊ မူဆယ်လမ်းကြောင်း၊ တမူးလမ်းကြောင်းနှင့် အခြားလမ်းကြောင်းများ ဖြစ်သည်။

လူကုန်ကူးသူများအား အောက်ပါဥပဒေများဖြင့် အရေးယူလျက်ရှိသည်။

(၁) ပြစ်မှုဆိုင်ရာဥပဒေ (၁၈၆၁)
(၂) ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေ(၁၉၄၉)
(၃) ကလေးသူငယ်ဥပဒေ(၁၉၉၃)
(၄) တရားမဝင်နည်းလမ်းဖြင့် ရရှိသည့်ငွေကြေးနှင့် ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေ(၂၀၀၂)
(၅) လူဝင်မှုကြီးကြပ်ရေး လတ်တလောပြဋ္ဌာန်းချက်အက်ဥပဒေ(၁၉၄၇)
(၆) ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေ(၁၉၉၉)

၁၇–၇–၂၀၀၂မှ ၃၁–၁၂–၂၀၀၃ ရက်နေ့အထိ လူကုန်ကူးမှုနှင့် ပတ်သက်၍ အမှုပေါင်း ၂၉၄မှုကို အရေးယူခဲ့ရာ လူကုန်ကူးခံရသူ (ကျား) ၇၉၅ဦးနှင့် (မ)၆၈၀ဦးတို့ကို တွေ့ရှိရပါသည်။ လူကုန်ကူးခြင်းခံရသူများအား မြဝတီလက်ခံရေးစခန်းအနေဖြင့် ဌာနခြောက်ခုပါဝင်သည့်အဖွဲ့က လက်ခံခဲ့ရာ (ကျား) ၈၀၃၈ဦး၊ (မ)၃၂၈၈ဦးကို ၁၈–၂–၂၀၀၂ရက်နေ့အထိ လက်ခံခဲ့ပြီး ဖြစ်သည်။

လူကုန်ကူးမှုသည် ကဏ္ဍပေါင်းစုံမှ ဖြေရှင်းရမည့် ပြဿနာဖြစ်သည်။ စီးပွားရေး၊ ရွှေ့ပြောင်းမှု၊ တိုးတက်ဖွံ့ဖြိုးမှု၊ တရားဥပဒေဆိုင်ရာ လိင်ကွဲပြားမှု လူ့အခွင့်အရေးစသည့်တို့ကို ဘက်စုံကြည့်ရမည်ဖြစ်သည်။

ပြဿနာကို ဖြေရှင်းရာ၌လည်း တစ်ဦးတစ်ယောက်ကောင်းရုံဖြင့် အောင်မြင်မှုမရနိုင်ပေ။ ဘက်စုံထောင့်စုံမှ ချဉ်းကပ်ဖြေရှင်းမှုသာ အောင်မြင်မှုရရှိနိုင်ပါမည်။ နှစ်နိုင်ငံ၊ ထို့အပြင် နိုင်ငံများအကြား သဘောတူညီမှုရယူ၍ ပူးပေါင်းတိုက်ဖျက်ရန် လိုအပ်သည်။

လူကုန်ကူးမှု ပြဿနာသည် မြန်မာလူမျိုးတို့ တန်ဖိုးထားစောင့်ရှောက်သော အမျိုးအနွယ်စောင့်ထိန်းမှုကို ထိခိုက်ပျက်ပြားစေသည့်အတွက် ဤပြဿနာ တားဆီးကာကွယ်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိပါသဖြင့် ပြည်သူပြည်သားများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရန် အထူးလိုအပ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

(မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး လုပ်ငန်းအဖွဲ့က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြည်နယ်/တိုင်း အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်များစုံညီအစည်းအဝေးကို ဂုဏ်ပြုပါသည်။)

အာဆင်နယ်-မန်ယူ ထိပ်တိုက်ဆုံမည့် ပရီမီယာရှစ်ပွဲစဉ်(၁၀)

ဟိန်းသန့်

ရန်ကုန် မတ် ၂၅

ပရီမီယာရှစ်မှာ အဆုံးသတ်ရန် ကိုးပွဲသာ ကျန်တော့သည်။ ထိုအချိန်ထိ ထိပ်ဆုံးသုံးသင်း၏ အနေအထားမှာ အပြောင်းအလဲမရှိသေး။ အာဆင်နယ်က ၂၉ ပွဲ ဆက်တိုက်ရှုံးပွဲမရှိ ထိပ်ဆုံးက ဦးဆောင်နေသည်။

အာဆင်နယ်နှင့် ၉မှတ်အကွာတွင် ချယ်လ်ဆီး၊ ၁၂မှတ်အကွာတွင် မန်ယူတို့က အဆင့်(၂)နှင့် (၃)နေရာ ယူထားပြီး အာဆင်နယ်နောက်က လိုက်နေကြရသည်။ ထိုသုံးသင်းအောက်မှ အဆင့်(၄)နေရာအတွက် ယှဉ်ပြိုင်မှုမှာမူ စိတ်ဝင်စားစရာ ကောင်းနေသည်။ ထိုနေရာအတွက် လီဗာပူးနှင့် နယူးကာဆယ် ၄၅ မှတ်စီ၊ ချာလ်တန် ၄၃ မှတ်နှင့် ဘာမင်ဂမ် ၄၂ မှတ်တို့ အပြိုင်လုနေကြသည်။ ကိုးပွဲကစားရန် ကျန်နေသေးရာ မည်သည့်အသင်း အဆင့်(၄) နေရာကိုရပြီး ချန်ပီယံလိဂ်တွင် တစ်နေရာရနိုင်သည်ကို ယတိပြတ် ပြော၍မရသေး။ လက်ကျန်ကိုးပွဲ၌ အမှားအယွင်းအတိမ်းအစောင်း နည်းနိုင်သမျှ နည်းအောင် ကစားနိုင်သည့်အသင်းက အဆင့်(၄)နေရာကို ယူသွားလိမ့်မည် ဖြစ်သည်။ အမှတ်ပေးဇယားအောက်ပိုင်းတွင် ရောက်နေသော အသင်းများအတွက်ကလည်း ယခုအချိန်မှာ အရေးကြီးဆုံးအချိန်သို့ ရောက်နေပြီ ဖြစ်သည်။ အမှားများ၊ အရှုံးများ ထပ်ရာ၍ မရတော့။ အမှတ် ရရှိရေးအတွက် ကျားကုတ်ကျားခဲကစားရသောအချိန်သို့ ရောက်နေပြီ ဖြစ်သည်။ လတ်တလော အနေအထားများအရ အတန်းမဆင်းရရေးအတွက် ဝုလ်ဖ် ၂၄မှတ်၊ လိဒ်စ် ၂၅မှတ်၊ ပို့စ်မောက်နှင့် လက်စတာ ၂၇ မှတ်စီ၊ မန်စီးတီး ၃၀ မှတ်နှင့် ဘလက်ဘန်း ၃၁မှတ်တို့ အတွက် ခြေကုန်ထုတ်ရတော့မည့် အချိန်ကို ရောက်နေပြီ ဖြစ်သည်။



မတ် ၂၀ ရက်က ဟိုက်ဘူရီကွင်း၌ကျင်းပသော အာဆင်နယ်နှင့် ဘောလ်တန်တို့ပွဲတွင် အာဆင်နယ်အသင်းမှ အွန်နရီ ဘောလုံးထိန်းယူနေစဉ်။
(ထိုပွဲတွင် အာဆင်နယ်က ဘောလ်တန်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်သည်။)

မတ် ၂၇ နှင့် ၂၈ ရက်တွင် ကစားမည့်ပွဲစဉ်(၁၀)၌ ပရိသတ်များ စိတ်ဝင်စားနေကြသော ပွဲတစ်ပွဲပါနေသည်။ အာဆင်နယ်နှင့် မန်ယူတို့၏ ဟိုက်ဘူရီမှပွဲပင် ဖြစ်သည်။ ထိပ်ဆုံးကဦးဆောင်နေသော အာဆင်နယ်အတွက် ထိုပွဲကို မရှုံးအောင်ကစားနိုင်ပါက ပရီမီယာရှစ်၌ ပွဲ ၃၀ ဆက်တိုက်ရှုံးပွဲမရှိအောင် ကစားနိုင်သော ပထမဦးဆုံးအသင်းအဖြစ် စံချိန်တင်တော့မည် ဖြစ်သည်။ အာဆင်နယ်တို့၏ ရှုံးပွဲမရှိစံချိန်ကို မန်ယူတို့ ရိုက်ချိုး ဖျက်ဆီးပစ်နိုင်မည်လား။ ဟိုက်ဘူရီမှ အာဆင်နယ်-မန်ယူပွဲမှာ ပရိသတ်ကို အင်အားကောင်းကောင်းဖြင့် ဆွဲဆောင်နေပြီ ဖြစ်သည်။

ပွဲစဉ်(၁၀) ၂၇/၂၈-၃-၂၀၀၄

အာဆင်နယ်-မန်ယူ

ချယ်လ်ဆီးနှင့် ချန်ပီယံလိဂ်ပွဲ နွဲလာရသည့် အာဆင်နယ်ကို မန်ယူတို့ ကြိုလင့်နေပြီဖြစ်သည်။ သည်ပွဲကစားပြီးလျှင်လည်း သည်နှစ်သင်း အက်ဖ်အေ ဆီမီးပွဲအဖြစ် ဧပြီ ၃ ရက်၌ ထိပ်တိုက်ရင်ဆိုင်ကြရဦးမည် ဖြစ်သည်။ မန်ယူနှင့် နှစ်ပွဲဆက်ကစားပြီးပါက အာဆင်နယ်တို့ ချယ်လ်ဆီးနှင့် ချန်ပီယံလိဂ်ပွဲ ပြန်ကစားရဦးမည် ဖြစ်သည်။

ထို့ကြောင့် ပြိုင်ပွဲသုံးရပ်စလုံးတွင် လှုပ်ရှားနေရသော အာဆင်နယ်အတွက် အရေးကြီးသောအချိန်ကို ဖြတ်သန်းနေရပြီ ဖြစ်သည်။

မန်ယူကတော့ ပရီမီယာရှစ်နှင့် ချန်ပီယံလိဂ်ကို စွန့်လွှတ်ထားရပြီဖြစ်သည်။ အက်ဖ်အေ၌သာ မျှော်လင့်ခွင့်ရှိတော့သည်။ သို့ရာတွင် ပရီမီယာရှစ်နှင့် ချန်ပီယံလိဂ် လမ်းကြောင်းပေါ် အရှိန်ကောင်းနေသော အာဆင်နယ်ကို မန်ယူတို့ မနာလိုစိတ်အပြည့်ဖြင့် ဖျက်ဆီးပစ်နိုင်စွမ်း ရှိနေသည်။ တစ်နည်းဆိုရလျှင် အာဆင်နယ်ကို မန်ယူတို့ မစားရသည့်အမဲ သဲဖြင့်ပက်ဖို့ အချိန်ကောင်း ဖြစ်နေသည်ဟု ဆိုနိုင်သည်။ ထို့ကြောင့် အာဆင်နယ်တို့အနေဖြင့် ယခုပွဲကို သတိကြီးကြီးဖြင့် ယှဉ်ပြိုင်ကစားနိုင်မှ တန်ကာကျမည်ဖြစ်သည်။ အထူးသဖြင့် အိမ်ကွင်း၌ မန်ယူ၏ ထောင်ချောက်ထဲ ဝင်မသွားအောင် သတိထားရလိမ့်မည်။ မန်ယူကတော့ နည်းမျိုးစုံသုံးပြီး အာဆင်နယ်ကို ရင်ဆိုင်တော့မည်မှာ သေချာနေသည်။

သည်ရာသီအတွင်း မန်ယူနှင့် အာဆင်နယ် နှစ်ကြိမ်ဆုံးထားဖူးသည်။ နှစ်ကြိမ်စလုံး မိနစ် ၉၀ အတွင်း တစ်သင်းမှ အနိုင်မရခဲ့။ ကွန်မြူနတီဒိုင်းလုပွဲ၌ ၁-၁။ ပရီမီယာရှစ် ပထမအကျော့၌ ၀-၀။ သရေကျထားကြသည်။ နှစ်ပွဲစလုံး အာဆင်နယ်တို့ လူစုံမကစားခဲ့ရ။ ကွန်မြူနတီဒိုင်းလုပွဲ၌ ဂျက်ဖား၊ ပရီမီယာရှစ်၌ ဗီအဲရာတို့ အနီကတ်ရခဲ့သည်။ ယခုပွဲလည်း ထိုအခြေအနေမျိုးဖြစ်အောင် မန်ယူတို့ ဖန်တီးဦးမည်ဖြစ်သည်။ ထို့အပြင် ပွဲအစပိုင်း၌ မန်ယူ တစ်သင်းလုံး၏ ခပ်ကြမ်းကြမ်းတုံ့ပြန်မှုမျိုးကိုပင် အာဆင်နယ် ခံရဖွယ်ရှိနေသည်။ အာဆင်နယ်မှာလည်း ပွဲကျပ်များဆက်နေရာ မန်ယူကို စိတ်ရှိတိုင်း တုံ့ပြန်လိမ့်မည်မဟုတ်။ ထိန်းထိန်းသိမ်းသိမ်းဖြင့် မရှုံးအောင် ထိန်းကစားသွားဖို့ များနေသည်။ သည်ပွဲ၌ အာဆင်နယ် စိတ်ရှည်ရှည်မကစားနိုင်ပါက မန်ယူအကြိုက်တွေ့သွားမည့် ပွဲဖြစ်သည်။ လက်ရှိအနေအထားများအရ ထိုပွဲမှာ သရေပွဲဆီသို့ ဦးတည်လျက်ရှိသည်ဟု ထင်မိသည်။

ဘာမင်ဂမ်-လိဒ်စ်

ပထမအကျော့ရလဒ်မှာ ၂-၀။ ဘာမင်ဂမ် နိုင်ထားသည်။ ယခုကစားရမည်ကလည်း ဘာမင်ဂမ်၏ကွင်း ဖြစ်နေရာ ဘာမင်ဂမ်အတွက် စိတ်ဓာတ်ပိုင်း အသာရနေနိုင်သည်။ ထို့အပြင် ဘာမင်ဂမ်တို့အတွက် ချန်ပီယံလိဂ်ဝင်ခွင့် မျှော်လင့်ချက်ကလည်းရှိနေပြန်ရာ အိမ်ရှင်ဖြစ်နေသည့် ယခုပွဲကို ဂရုတစိုက်ကစားမည့်ပုံ ရှိနေသည်။ လိဒ်စ်မှာလည်း အတန်းမဆင်းရရေးအတွက် ရုန်းကန်နေရသည်။ သို့သော် ရုန်းထွက်လိုစိတ်သာ ရှိသည်၊ ခြေစွမ်းက မလိုက်နိုင်။ ကစားရမည်ကလည်း အိမ်ကွင်းမာသည့် ဘာမင်ဂမ်ဖြစ်နေပြန်ရာ လိဒ်စ်အတွက် ခက်ခဲမည့်ပွဲ ဖြစ်သည်။ သို့သော် ယခုနောက်ပိုင်း ဘာမင်ဂမ် ခံစစ်အားနည်းနည်းပျော့သွားသည်ကို စမစ်၊ ဗီဒူကာတို့ အခွင့်အရေး ယူနိုင်ခဲ့လျှင်တော့ လိဒ်စ်၌ မျှော်လင့်ချက် နည်းနည်း ရှိနေသည်။ သရေပွဲဖြစ်သွားလိမ့်မည် ထင်သည်။

ဘလက်ဘန်း-ပို့စ်မောက်

အတန်းမဆင်းရရေးအတွက် နှစ်သင်းစလုံး တိုက်ပွဲဝင်နေကြရသည်။ ဘလက်ဘန်းမှာလည်း နည်းပြနှင့် တိုက်စစ်မှူး ကိုးလ်နှင့် ယော့ခ်တို့အကြား အဆင်မပြေ။ သို့သော် အသင်းအနေဖြင့် အမှတ်လိုနေချိန်ဖြစ်၍ ထိုအဖြစ်ကိုမေ့ပြီး အသင်းအတွက် ဝိုင်းကြိုးစားကြလိမ့်မည် ထင်သည်။ ပို့စ်မောက်ကလည်း ယခုအချိန်အထိ အဝေးကွင်း နိုင်ပွဲလုံးဝမရှိသေးသည့် အသင်းဖြစ်နေသည်။ အဝေးကွင်း၌ လေးပွဲသရေ၊ ၁၁ ပွဲ ရှုံးထားသည်။ ထိုခြေစွမ်းဖြင့် ယခုနောက်ပိုင်း ကြိုးစားမှုအားကောင်းလာသည့် ဘလက်ဘန်းကို ယှဉ်နိုင်မည်မထင်။ ဘလက်ဘန်းပဲ နိုင်ဖို့များနေသည်။

ဘောလ်တန်-နယူးကာဆယ်

ဘောလ်တန် ခြေကျသွားသည်။ အထူးသဖြင့် တိုက်စစ်မှူးများ ခြေစွမ်းမထက်တော့။ နယူးကာဆယ်မှာမူ ချန်ပီယံလိဂ်အတွက် တိုက်ပွဲဝင်နေသည်။ သို့ပေမယ့် ယခုပွဲမတိုင်မီ ယူအီးအက်ဖ်အေပွဲ စပိန်မှာ သွားနွဲထားရခြင်းက အသင်းကို ပင်ပန်းနေစေနိုင်သည်။ ထို့အပြင် နယူးကာဆယ်၏ အဝေးကွင်းခြေစွမ်းကိုလည်း အပိုင်တွက်ထား၍မရပြန်ရာ ဘောလ်တန်တို့အတွက် အားထုတ်မှုကောင်းလျှင် ကောင်းသလို အခွင့်ကောင်းရသွားနိုင်သည်။ တိုက်စစ်ကျနေသော်လည်း အသင်းလိုက်ကစားပုံ သိပ်မဆိုးလှသေးသည့်အပြင် အိမ်ရှင်လည်း ဖြစ်နေသဖြင့် ဘောလ်တန်တို့ ယခုပွဲကို မရှုံးနိုင်အောင် ထိန်းကစားနိုင်လိမ့်မည် ထင်သည်။

ချာလ်တန်-အက်စတန်ဗီလာ

ချာလ်တန်ကြိုးစားသလောက် ကံမလိုက်ဘဲဖြစ်နေသည်။ အသင်းအနေဖြင့် အနိုင်ကိုရှာရင်း ဝေးနေရသည်။ ဗီလာမှာလည်း ခုနောက်ပိုင်းကစားပုံ ပေါ့ပျက်ပျက်ဆန်လာသည်။ နှစ်သင်းစလုံး ဟိုမရောက်၊ ဒီမရောက် အလယ်လောက်တွင် ရပ်တည်နေနိုင်ကြခြင်းကလည်း ကစားသမားများဆီက အားကို အပြည့်မရသလို ဖြစ်နေသည်။ ပထမအကျော့အဖြေက ၂-၁။ ဗီလာနိုင်ထားသည်။ ပြီးခဲ့သည့် သုံးရာသီအတွင်း ချာလ်တန်ကွင်း၌ ရလဒ်များကလည်း တစ်ပွဲစီနိုင်ပြီး တစ်ပွဲသရေကျထားသဖြင့် တစ်သင်းနှင့် တစ်သင်း သိပ်မကွာဟု ဆိုရမည်။ လက်ရှိအချိန်၊ လက်ရှိခြေစွမ်းများအရလည်း ယခုပွဲမှာ သရေပွဲဖြစ်ဖို့ များလိမ့်မည်ထင်သည်။

ချယ်လ်ဆီး-ဝုလ်ဖ်

အာဆင်နယ်-မန်ယူတို့ ထိပ်တိုက်ဆုံနေကြသည့် အခွင့်အရေးကို ချယ်လ်ဆီး လက်လွှတ်ခံလိမ့်မည်မဟုတ်။ ကစားရမည့်အသင်းကလည်း ဇယားအောက်ဆုံးက ဝုလ်ဖ်။ ပထမအကျော့ အဝေးကွင်း၌ ၅-၀ နှင့် အနိုင်ကစားထားခဲ့သည်။ ဝုလ်ဖ် ပြီးတော့လည်း ယခုအချိန်ထိ အဝေးကွင်း၌ နိုင်ပွဲလုံးဝမရှိသေးသည့် ဝုလ်ဖ်ဆိုတော့ ယခုပွဲ၌ ချယ်လ်ဆီးကို အနိုင်မပေးမိလျှင်----။

အဲဗာတန်-မစ်ဒယ်ဘရော့

နှစ်သင်းစလုံး ဇယားအလယ်၌ စိတ်အေးလက်အေး ရှိနေကြသည်။ ထို့ကြောင့် အနိုင်အတွက် အလောတကြီး အပူတပြင်းကစားနေကြလိမ့်မည် မထင်။ မစ်ဒယ်ဘရော့ဆိုလျှင် ယူအီးအက်ဖ်အေပွဲပင် နွဲခွင့်ရနေပြီဖြစ်ရာ ပို၍ပင် စိတ်လက်ပေါ့ပါးနေနိုင်သည်။ အဲဗာတန်ကလည်း အိမ်ကွင်းရောက်မှ အစွမ်းထက်တတ်သည့် အသင်းဖြစ်နေရာ ယခုပွဲ၌ အဲဗာတန် သရေ၊ သို့မဟုတ် အနိုင်ဟု ဆိုရမလိုပင်။

လက်စတာ-လီဗာပူး

ရုန်းထွက်လိုစိတ်အပြည့်ဖြင့် လက်စတာ၏ အားထုတ်မှုကောင်းနေသည်။ လီဗာပူးကလည်း မာဆေးနှင့် ယူအီးအက်ဖ်အေပွဲ နွဲထားရ၍ ပင်ပန်းနေနိုင်သည့်အချိန် ဖြစ်နေသည့်အပြင် လီဗာပူး၏ အဝေးကွင်းကစားပုံ၊ တိုက်စစ်မှူးများ၏ ဂိုးသွင်းစွမ်းအားများကိုလည်း ယခုတိုင် ယုံထား၍မရသေး။ ထို့ကြောင့် ရုန်းထွက်လိုစိတ်အပြည့်ဖြင့် တိုက်ပွဲဝင်မည့် လက်စတာဘက်ကပဲ နေကြည့်လိုက်ချင်သည်။

မန်စီးတီး-ဖူလ်ဟမ်း

မန်စီးတီးခြေကလည်း ယုံရခက်ခက်၊ ကောင်းတစ်လှည့် ဆိုးတစ်လှည့်။ သို့သော် အမှတ်လိုနေချိန်ဖြစ်၍ အသေအချာတော့ ကစားဖို့များနေသည်။ အိမ်ရှင်ကလည်း ဖြစ်နေပြန်ရာ အဝေးကွင်း၌ သုံးပွဲနိုင်၊ သုံးပွဲသရေ၊ ရှစ်ပွဲရှုံးထားသည့် ဖူလ်ဟမ်းလိုအသင်းကိုတော့ အသာစီးဖြင့် ကစားနိုင်လိမ့်မည် ထင်သည်။ မန်စီးတီး နိုင်ဖို့များပါလိမ့်မည်။

ဆောက်သမ်တန်-တော့တင်ဟမ်

ဆောက်သမ်တန်ကတော့ အိမ်ကွင်း၌ အစွမ်းထက်သည့်အသင်းလား၊ စောင့်ကြည့်ရဦးမည် ဖြစ်သည်။ နည်းပြသစ်လက်ထဲ၌ အိမ်ကွင်းတွင်နိုင်ပြီး အဝေးကွင်း၌ ရှုံးထားသည်။ တော့တင်ဟမ်ကလည်း ယခုအချိန်ထိ ပုံမှန်ခြေစွမ်းမရသေးသည့်အသင်း။ တိုက်စစ် ခံစစ် နှစ်ခုစလုံး၌ လိုအပ်ချက်များရှိနေသေးသည့် အသင်းဆိုတော့ အိမ်ကွင်း၌မာသည့် စိန့်တို့ကို ကျော်ဖြတ်နိုင်မည်မထင်၊ စိန့် အနိုင်၊ သို့မဟုတ် သရေပင်ဖြစ်နိုင်သည်။ ။ **(မြန်မာ့အလင်း)**

တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများ ပြခန်း လျှပ်တစ်ပြက် ဗဟုသုတမေးခွန်းလှာဖြေဆိုမှု ပြိုင်ပွဲကျင်းပမည်

ရန်ကုန် မတ် ၂၅

ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်တွင် မတ် ၂၆ ရက်မှ ဧပြီ ၄ ရက်အထိ (၅၉)နှစ်မြောက် တပ်မတော်နေ့ပြပွဲကြီးကျင်းပမည်ဖြစ်ရာ ပြပွဲကြီး၏ အထူးပြခန်းတစ်ခုဖြစ်သော တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများ ပြခန်းတွင် လျှပ်တစ်ပြက် ဗဟုသုတမေးခွန်းလှာ ဖြေဆိုမှုပြိုင်ပွဲ ကျင်းပသွားမည် ဖြစ်သည်။

ထိုက်ထိုက်တန်တန်ချီးမြှင့်မည်

ပြိုင်ပွဲကို တပ်မတော်နေ့ပြပွဲသို့ လာရောက်ကြည့်ရှုသူ မည်သူမဆို ဖြေဆိုနိုင်ကြပြီး ပြပွဲကာလ ၁၀ရက် တိုင် နေ့စဉ်မွန်းတည့် ၁၂ နာရီတွင် တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများပြခန်း သတ်မှတ်ထားသည့်နေရာတွင် ယှဉ်ပြိုင်ဖြေဆို၍ မွန်းလွဲ ၂ နာရီတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပေးအပ်သွားမည် ဖြစ်ကြောင်းနှင့် ဆုများကို ထိုက်ထိုက်တန်တန်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖွင့်လှစ်

ရန်ကုန် အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ရဲတပ်ဖွဲ့ အခြေခံစားကုန်သက်သာ အရောင်းဆိုင်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၁ ရက်က ရဲစခန်းဝင်းတွင် ကျင်းပရာ အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးကြီး ခင်မောင်ဝင်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး မောင်မောင်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၁၀၂)

မင်္ဂလာညစာစားပွဲ ကျေးဇူးတင်လွှာ

ဦးအောင်နိုင်(ဒု–အင်ဂျင်နီယာမှူးကြီး(စက်မှု) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)–ဒေါ်တင်လှသန်းတို့၏သား

မောင်ကျော်မိုးနိုင်

A.G.T.I (Mech.), B.Sc (Chem) , Project Manager (Kris-Lite(Myanmar) Ltd.

နှင့်

ဦးဟုတ်စိန် (လက်ထောက်အင်ဂျင်နီယာချုပ်–ငြိမ်း၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း)–ဒေါ်ကြင်ကြင် (ဌာနမှူး–ငြိမ်း၊ စက်မှုအထည်)တို့၏သမီး

မချိုလွင်ဦး

B.Sc (Physics), I.D.C.S (NCC), Dip. in Principles of Management (LCCI)

တို့၏ ၂၁–၃–၂၀၀၄ ရက်နေ့ Dusit Inya Lake Hotel ၌ ကျင်းပသော မင်္ဂလာညစာစားပွဲတွင် မင်္ဂလာအောင်စံပယ် ပန်းကုံးချီးမြှင့်ပေးသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်နှင့်ဇနီးဒေါ်ခင်မျိုးဦး၊ မင်္ဂလာလက်စွပ် ချီးမြှင့်ပေးသော ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့်ဇနီးဒေါ်မြသန်း၊ ကြွရောက်ချီးမြှင့်ပေးသော အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာခင်ရွှေနှင့်ဇနီး သီရိသုဓမ္မသီဂီဒေါ်စန်းစန်းကြွယ်၊ စစ်ဘက်နယ်ဘက်မှ ဌာနဆိုင်ရာ အရာရှိကြီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများ၊ နှစ်ဖက်သောမိဘဆွေမျိုး မိတ်သင်္ဂဟများ ၁၄–၂–၂၀၀၄ ရက်နေ့ နေအိမ်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော တရားသူကြီးဦးဝင်းမြင့်၊ မင်္ဂလာပွဲ အောင်မြင်ပြီးမြောက်အောင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာဖြင့် ဂါရဝပြု ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ကျော်မိုးနိုင်–မချိုလွင်ဦး

မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အလုပ်ပိတ်ရက်ကြေညာ

ရန်ကုန်ဆိပ်ကမ်းတံတားများ၊ ကုန်သိုလှောင်ရုံများနှင့် ချလန်ရုံးတို့ကို ၂၀၀၄ခုနှစ်၊ မတ်လ ၂၇ရက်နေ့ တပ်မတော်နေ့တွင် ပိတ်ထားလိမ့်မည်ဖြစ်ပါ၍ ကုန်တင်/ကုန်ချနှင့် ကုန်ထုတ်ယူလိုပါက ပိတ်ရက်ခကြေး ပေးဆောင်ရမည် ဖြစ်ပါကြောင်း ကြေငြာအပ်ပါသည်။

အများသိစေရန် ကြေညာချက်

တနင်္သာရီတိုင်း မြိတ်ခရိုင် မြိတ်မြို့သည် ကမ်းရိုးတန်းမြို့တော်ဖြစ်သဖြင့် မြို့တော်အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရေးအတွက် မြိတ်မြို့ပေါ် ရပ်ကွက်များရှိ မြေကွက်လပ်များ အားလုံး နေအိမ်ဆောက်လုပ်ခြင်း၊ အုတ်နံရံကာခြင်း လုပ်ငန်းများကို ၂၀၀၄ခုနှစ် ဧပြီလ ၃၀ ရက် နောက်ဆုံးထားပြီး ဆောင်ရွက်သွားကြရန်နှင့် သတ်မှတ်ရက်အတွင်း လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်းမရှိပါက သတ်မှတ်ထားသည့် စည်းကမ်းများအရ မြေကွက်များအား ပြန်လည်သိမ်းယူသွားမည်ဖြစ်ကြောင်း ကြေညာချက် ထုတ်ပြန်လိုက်သည်။

မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ မြိတ်မြို့။

တိပိဋက=နိကာယသာသနာပြု ဥပဋ္ဌာကအဖွဲ့ (ရန်ကုန်ဌာန) လှူဒါန်းနိုင်ပါသည်

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ ဆရာတော်ဘုရားကြီး တည်ထောင်ဖွဲ့စည်းပေးတော်မူခဲ့သော တိပိဋက=နိကာယ ကျောင်းတိုက်ကြီးများ၌ နိကာယ်ငါးရပ် ပိဋကတ်စာပေများ ကျက်၊ အံ၊ ကြံ၊ ကြည့်၍ သီတင်းသုံး နေတော်မူကြသော တိပိဋကလောင်းလျာ သာသနာ့အာဇာနည် အရှင်သူမြတ် အပါး ၁၅၀ ကျော်တို့အတွက်–

(၁) ဆွမ်းပဒေသာပင် တစ်ပင်လျှင် ကျပ် တစ်သောင်း

(၂) ပစ္စည်းလေးပါးပဒေသာပင် တစ်ပင်လျှင် ကျပ် တစ်သောင်း

လှူဒါန်းပြီး အနဂါမိက ရွှေအိုးကြီးမြှုပ်နှံ၍ ပရိယတ္တိသာသနာတော်ကြီးအား ချီးမြှောက်တော်မူကြရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။ ပိတ်ရက်မရှိ လှူဒါန်းနိုင်ပါသည်။

ပဒေသာပင်များ ၁၀၀၀ပြည့်တိုင်း ရေစက်ချပွဲအခမ်းအနားကို ရန်ကုန်မြို့ တိပိဋက ကျောင်းတော်၌ ကျင်းပပြုလုပ်ပါသည်။ ပုံနှိပ်မှတ်တမ်းတင်စာအုပ်များ မရသေးသူများ လာရောက်ထုတ်ယူရန်ဖြစ်ပါသည်။

ဆက်သွယ်လှူဒါန်းနိုင်သောဌာနများ–

၁။ **တိ=နိ ရန်ကုန်ဌာန** – ၁၂၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၀၁–၂၂၂၂၇၇၊ ၂၂၂၂၇၈၊ ၂၂၂၂၇၉

၂။ **တိ=နိ မန္တလေးဌာန** – ၁၉၊ ၂၆ လမ်း၊ ပိုက်ကျုံးရပ်၊ မန္တလေးမြို့ ဖုန်း–၀၂–၃၀၁၉၀၊ တိပိဋကဓရ ဆရာတော်များ၊ ဖုန်း–၀၉–၆၉၇၆၂၅၊ ၀၉–၆၉၇၆၂၇

၃။ **တိ=နိ စစ်ကိုင်းဌာန** – စစ်ကိုင်းမြို့မဈေးကြီး၊ အရှေ့ဘက်တိုက်တန်းသစ်၊ စစ်ကိုင်းမြို့၊ ဖုန်း–၀၇၂–၂၁၇၀၅၊ ၂၁၅၄၄

၄။ **တိ=နိ ပြင်ဦးလွင် အနီးစခန်းဌာန** – ဥက္ကဋ္ဌ ဦးစောရီ(ရတနာမြင့်ဆန်စက်) ညံတော်ရပ်၊ ပြင်ဦးလွင်မြို့၊ ဖုန်း–၀၈၅–၂၂၄၇၅

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMECCI) နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၏ (၁၃)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို အောက်ပါအတိုင်းကျင်းပမည်ဖြစ်ပါသည်။

ကျင်းပမည့်နေ့ရက် – ၂၀၀၄ ခုနှစ်၊ ဧပြီလ ၃ ရက် (စနေနေ့)

ကျင်းပမည့်အချိန် – ညနေ ၁၆း၀၀ နာရီ (၁၅း၃၀ နာရီတွင် နေရာယူပါရန်)

ကျင်းပမည့်နေရာ – အမျိုးသားဇာတ်ရုံ၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်။

အစည်းအဝေးဖိတ်စာနှင့် အလုပ်အမှုဆောင်အဖွဲ့အစီရင်ခံစာများကို အသင်းဝင် အသင်းများနှင့် အသင်းသားများထံ ဖြန့်ဝေပေးပို့လျက်ရှိပါသည်။ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အသင်းဝင် အသင်းကိုယ်စားလှယ်များနှင့် အသင်းသားအားလုံး မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြား အပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့။

မတ် ၅ရက်က ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် နိကာယ်ငါးရပ် ပိဋကသုံးပုံစာသင် တိုက်ကြီးတွင် ရွှေရတုတိပိဋကဓရ တိပိဋကကောဝိဒ စာသင်တိုက်ကြီး၏ ပဓာနနာယက မော်ကျွန်းဆရာတော်ဘဒ္ဒန္တ သီလခန္ဓာဘိဝံသ အမှူးထား၍ သံဃာတော်များနှင့် ဒါယကာ ဒါယိကာမများက (၃၆)ကြိမ်မြောက် ဇီဝိတဒါန သွေးလှူဒါန်းပွဲ၌ သွေးလှူရှင် ၁၃၄ ဦးတို့အား ဆရာတော်က ကြည့်ရှုအားပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

သနပ်ပင်မြို့နယ် ကုက္ကိုကျေးရွာ အမက ကျောင်းဆောင်သစ်နှင့် မော်ကွန်းကျောက်စာဖွင့်

သနပ်ပင် မတ် ၂၄

ပဲခူးတိုင်း သနပ်ပင်မြို့နယ် ကုက္ကိုကျေးရွာ အခြေခံပညာမူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲ၊ မြန်မာ့ပညာရေးမျှော်မှန်းချက် ကမ္ပည်းမော်ကွန်း ကျောက်စာဖွင့်ပွဲနှင့် ကျပ် ၁၉၆သိန်းတန်ဖိုးရှိ ကျောင်းဆောင်သစ်အား ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မတ် ၂၃ရက်က ကျောင်းဆောင်သစ်ရှေ့တွင် ကျင်းပသည်။

ဖွင့်လှစ်

အခမ်းအနားတွင် မြန်မာ့ပညာရေး မျှော်မှန်းချက် ကမ္ပည်းမော်ကွန်းကျောက်စာအား ဘက်စုံထူးချွန်ဆုရ ကျောင်းသား ကျောင်းသားများက ဖွင့်လှစ်ကြသည်။

ထို့နောက် ပဲခူးမြို့ ဝင်းနိမ္မိတာရုံကျောင်း ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ မုနိန္ဒာဘိဝံသ၊ ပဲခူးတိုင်း လက်ထောက်တိုင်းပညာရေးမှူး ဦးဇော်ဝင်းနှင့် အလှူရှင် ဒေါ်တင်လှတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး **(အပေါ်ပုံ)** ပဲခူးခရိုင် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မင်းက ကျောင်းဆောင်သစ် ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဝင်းနှင့် ဒုဥက္ကဋ္ဌ ဦးသန်းငွေတို့က ကျောင်းဆောင်သစ်နှင့်ပတ်သက်သော စာရွက်စာတမ်းများအား လက်ထောက်တိုင်းပညာရေးမှူး ဦးဇော်ဝင်းထံလွှဲပြောင်းပေးအပ်ပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ဆန်းဆန်းညွန့်က ကျေးဇူးတင်စကား ပြောကြားသည်။ အဆိုပါ ကျောင်းဆောင်သစ်သည် ပညာရေးဌာနခွင့်ပြုငွေ ၄၀ ဒသမ ၅ သိန်း၊ ပဲခူးမြို့ ဝိဇ္ဇောဒကျောင်းအစ်မကြီး ဒေါ်သန်းတင့်က မတည်အလှူငွေကျပ် ၃၃ သိန်း၊ ပြည်သူနှင့် ကျေးရွာလူထု ထည့်ဝင်ငွေ ၁၂၂ ဒသမ ၅ သိန်း စုစုပေါင်းကျပ် ၁၉၆ သိန်းကုန်ကျကြောင်း သိရသည်။

(၃၄၇)

ဧရာဝတီတိုင်း မြန်အောင်မြို့ အမှတ်(၆)ရပ်ကွက်မှ နိုင်ငံသား အရည်အချင်းပြည့်မီသူများအား နိုင်ငံသား စိစစ်ရေးကတ်ပြားပေး အပ်ပွဲကို ဖေဖော်ဝါရီ ၂၉ ရက်က အမှတ် (၆)ရပ်ကွက်ရုံးတွင် ကျင်းပရာ ဟင်္သာတခရိုင် ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဝင်းက ရပ်ကွက်ဥက္ကဋ္ဌ ဦးအေးထွန်းသို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း မကွေးမြို့နယ်စာနယ်ဇင်းအဖွဲ့ ကွင်းဆင်းလေ့လာ

မကွေး မတ် ၁၇

မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လမ်းညွှန်မှုဖြင့် မကွေးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ကျော်ဇောလင်း(မကွေး) ခေါင်းဆောင်သော စာနယ်ဇင်းအဖွဲ့ဝင် ၁၅ ဦးတို့သည် မတ် ၁၃ ရက်က မကွေးတိုင်း စေတုတ္တရာမြို့အနီး ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၈)က တာဝန်ယူတည်ဆောက်အကောင်အထည်ဖော်လျက်ရှိသော မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းခွင်သို့ ကွင်းဆင်းလေ့လာကြသည်။

မကွေးတိုင်း ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၈) ညွှန်ကြားရေးမှူးဦးမြင့်သန်း၊ ဒုတိယညွှန်ကြားရေးမှူးဦးအေးငွေနှင့် တာဝန်ခံအင်ဂျင်နီယာများက ရေလှောင်တမံလုပ်ငန်းနှင့် ရေအားလျှပ်စစ်ဥမင်လိုဏ်တည်ဆောက်ခြင်း၊ ရေပို့လွှဲတည်ဆောက်ခြင်းတို့ကို မြေပုံကားချပ်များဖြင့် ရှင်းလင်း ပြသကြသည်။ (၄၀၅)

ရန်ကုန်(တောင်ပိုင်း)ခရိုင် ယာဉ်လိုင်းကြီးကြပ်မှုကော်မတီမှ သန်လျင်မြို့ ပြည်သူ့ဆေးရုံသို့ ဆေးပဒေသာပင်အလှူငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းပွဲကို မတ် ၂၀ရက်က ခရိုင်မော်တော်ယာဉ်ခန်းမ၌ ပြုလုပ်ရာ ခရိုင် ယာဉ်လိုင်းကြီးကြပ်မှုကော်မတီ နာယက ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ပြည့်က ခရိုင် ဆရာဝန်ကြီး ဒေါက်တာ ဇော်ဝင်းအား ပေးအပ်စဉ်။ (ခရိုင် ပြန်/ဆက်)

မင်္ဂလာညစာစားပွဲကျေးဇူးတင်လွှာ

ကျောက်တန်းမြို့၊ မင်းကျောင်းလမ်း၊ အမှတ် ၅ နေ
(ဦးကြည်ခင်)–ဒေါ်စွမ်တီ
တို့၏သား
မောင်သန့်ဇော် (စိန်နဂါးဆေးဆိုင်)
နှင့်
ကျောက်တန်းမြို့၊ ပါဒကြီးဘုရားလမ်း၊ အမှတ် ၆၃ နေ
ဦးလှရွှေ–ဒေါ်ပု
တို့၏သမီး
မရီရီချို (အငယ်တန်းအင်ဂျင်နီယာ–၂)
အင်ဂျင်နီယာဌာန(အဆောက်အအုံ) မြို့တော်စည်ပင်

တို့သည် ၁၁–၂–၂၀၀၄ ရက်တွင် လက်ထပ်ပြီးစီးပါကြောင်းနှင့် ၂၀–၃–၂၀၀၄ ရက်တွင် Yuzana Garden Hotel ၌ ကျင်းပသော မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိ လူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် မင်္ဂလာလက်ဖွဲ့ချီးမြှင့်ကြသော မိတ်သင်္ဂဟများအားလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်သန့်ဇော်–မရီရီချို။

ဂျပန်ဘာသာသင်တန်း

၄၆ (ဘီ) သီရိမင်္ဂလာလမ်းသွယ်
ပြည်လမ်း(စိန်ရတုခန်းမဝင်းရှေ့)
ဖုန်း–၅၃၆၈၂၃၊ ၇၂၀၃၃၇

ကားငှားရန်

သင်္ကြန်တွင်းလည်ရန် Truck Car မျိုးစုံနှင့်ခရီးစဉ်မျိုးစုံအတွက် ကားများ ငှားရန်ရှိသည်။ အကျိုးတူပူးပေါင်းလိုသူ ယာဉ်ပိုင်ရှင်များ ဆက်သွယ်နိုင်ပါသည်။
ဖုန်း–၅၂၄၆၈၆၊ ၀၉–၈၀–၂၄၀၄၄

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ ပင်စင်စာအုပ်(၄၂၄၆) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါ။ **ဦးအောင်ရွှေ ၂/၇/၂၊ ဝဇီယာ ၉ လမ်း၊ (င)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့။**



မွေးနေ့မင်္ဂလာဆုမွန်

ချစ်ခင်လေးစားရပါသော ဖေဖေ ဦးသိန်းထွန်း (ဥက္ကဋ္ဌ၊ M.G.S Group Co., ထွန်းဖောင်ဒေးရှင်းဘဏ်)၏ ၂၆–၃–၂၀၀၄ ရက်တွင်ကျရောက်သည့် မွေးနေ့မှသည် နှစ်ပေါင်း ရာကျော်တိုင်အောင် ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာပြီး အလှူရေစက် လက်နှင့်မကွာ လှူဒါန်းနိုင်သူဖြစ်၍ လိုအင်ဆန္ဒမှန်သမျှ ပြည့်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်။

ချစ်သားသမီးများ – ကိုသန့်ဇင်ထွန်း–မအင်ဂျလင်း
ကိုအောင်မိုးကျော်–မမာမာထွန်း
ကိုဦးဦးထွန်း–မမိုးမိုး

ချစ်မြေးများ – ခရစ္စတီးနား၊ ဒင်နီယယ်၊ ဖီရီးနား
အေးမြတ်မွန်ထွန်း၊ ပွင့်
မောင်ကျော်ထက်



မြန်မာနိုင်ငံစာရင်းကောင်စီ
ဒီပလိုမာစာရင်းကိုင်(ပထမပိုင်း)စာမေးပွဲ (၂၀၀၄)

၁။ ဒီပလိုမာစာရင်းကိုင်(ပထမပိုင်း) စာမေးပွဲကို ၂၀၀၄ ခုနှစ်၊ မေလ ၁၄ ရက်မှ ၂၀ ရက်အထိ စာရင်းစစ်ချုပ်ရုံး၊ သင်တန်းကျောင်း၊ ၁/၁၉ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်တွင် ကျင်းပပါမည်။

၂။ စာမေးပွဲဖြေဆိုမည့်သူများသည် ပြဋ္ဌာန်းထားသည့်လျှောက်လွှာပုံစံ (မြန်မာနိုင်ငံစာရင်း ကောင်စီရုံးတွင် တစ်စောင် ၂၀ ကျပ်နှုန်းဖြင့် ဝယ်ယူနိုင်သည်) ဖြင့်အောက်ပါတို့ကိုပူးတွဲလျက် အတွင်းရေးမှူး စာရင်းကိုင်အလုပ်သင်နှင့် သင်တန်းကြီးကြပ်ရေးကော်မတီထံ ၁–၄–၂၀၀၄ ရက်မှ စတင်ကာ ၂၃–၄–၂၀၀၄ ရက် နောက်ဆုံးထား၍ တင်သွင်းရပါမည်။
(က) စာမေးပွဲဝင်ကြေးကျပ် ၃၀၀ကို မြန်မာနိုင်ငံစာရင်းကောင်စီသို့ ပေးသွင်းသည့် ငွေရပြေစာမူရင်း၊
(ခ) လိုင်စင်ဓာတ်ပုံ ၃ ပုံ၊
(ဂ) နိုင်ငံသားစိစစ်ရေးလက်မှတ်၊

၃။ ဖြေဆိုခွင့်လက်မှတ်များကို ၁၀–၅–၂၀၀၄ ရက်မှ ၁၃–၅–၂၀၀၄ ရက်အထိ ဖြေဆိုမည့်သူကိုယ်တိုင် (နိုင်ငံသားစိစစ်ရေးလက်မှတ်ပြသလျက်) လာရောက်ထုတ်ယူရမည်။

၄။ ရက်လွန်ပြီးမှတင်သွင်းလာသည့် လျှောက်လွှာများ၊ လိုအပ်ချက်မပြည့်စုံသည့် လျှောက်လွှာများနှင့် သင်တန်းခေါ်ချိန် ၆၀ ရာခိုင်နှုန်း မပြည့်သည့် သင်တန်းသားများ၏ လျှောက်လွှာများအတွက် စာမေးပွဲဖြေဆိုခွင့်ပြုမည် မဟုတ်ပါ။

၅။ ဒီပလိုမာစာရင်းကိုင်(ပထမပိုင်း) စာမေးပွဲကို (၃)နှစ်ဆက်တိုက် ဖြေဆိုကျရှုံးပြီးသူများလည်း စာမေးပွဲဖြေဆိုခွင့် လျှောက်ထားနိုင်ပါသည်။ လျှောက်ထားသည့်အခါ ယခင်တက်ရောက်ဖြေဆိုခဲ့သည့် အထောက်အထားဖြင့် တင်ပြလျှောက်ထားရပါမည်။

တင်လှိုင် (အတွင်းရေးမှူး)
စာရင်းကိုင်အလုပ်သင်နှင့်
သင်တန်းကြီးကြပ်ရေးကော်မတီ



ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

စိန်ဒိုင်းမွန်းကုမ္ပဏီ အမှတ် ၃၄၊ ၄လမ်း၊ ၈ ရပ်ကွက်၊ စက်မှုဇုန်၊ တောင်ဥက္ကလာပမြို့နယ် ရန်ကုန်မြို့မှ အောက်ဖော်ပြပါပစ္စည်းကို ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါ၍ အသေးစိတ် သိလိုသောအချက်များကို တယ်လီဖုန်းအမှတ်–၅၇၁၃၅၁နှင့် ၅၇၂၃၂၂သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

ရောင်းချမည့်ပစ္စည်းများ – ပီပါခွံမျိုးစုံ အဝကျဉ်း၊အဝကျယ်၊ပုံးမျိုးစုံနှင့် စက္ကူ/ပီနံအိတ်မျိုးစုံ
တင်ဒါပေးသွင်းရမည့်နေရာ – အုပ်ချုပ်ရေးဌာန
တင်ဒါပုံစံထုတ်ပေးမည့်ရက် – ၂၅–၃–၂၀၀၄
တင်ဒါပိတ်မည့်နေ့/အချိန် – ၂၀၀၄ခုနှစ်၊ မတ်လ(၃၀)ရက်–(၁၂း၀၀)နာရီ

ရောင်း/လဲမည်

TOYOTA COASTER MINIBUS
နံပါတ်ပြား J.8 CONDO ကို
မော်ဒယ်လ်မြင့်ကား (သို့) မြေကွက်ကျယ်
လမ်းမတန်းနှင့် လဲမည်။
ဖုန်း–၅၂၄၆၈၆၊ ၀၉–၈၀–၂၄၀၄၄

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁က/၅၈၉၄ မော်တော်ယာဉ် လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ ရက်အတွင်း ကညန၊ အရှေ့ပိုင်းခရိုင်ရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ခရိုင်ရုံး(အရှေ့ပိုင်း)**

လေလံကြော်ငြာ

၁။ ဆိပ်ကမ်းကုန်တင်/ကုန်ချလုပ်ငန်းများ သွက်လက်မှန်ကန် မြန်ဆန်ရေးနှင့် စွမ်းအားပြည့်ဆောင်ရွက်နိုင်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ကုန်လုပ်ငန်းရှိ အကောက်ခွန်ဦးစီးဌာနမှ သိမ်းဆည်းပစ္စည်းများနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရှိ လေလံစာရင်းဝင်ပစ္စည်းများ၊ ပလတ်စတစ်ပစ္စည်းများ၊ ရုပ်မြင်သံကြားစက်များ၊ ဖလင်များ၊ အီလက်ထရွန်နစ်ပစ္စည်းများ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ အဲယားကွန်းများနှင့် အထွေထွေပစ္စည်းများကို အတွဲများခွဲ၍ လက်ရှိမျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

၂။ လေလံစည်းကမ်းချက်တစ်စုံလျှင် ကျပ် ၂၀၀၀ နှုန်းဖြင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဗဟိုပစ္စည်းထိန်းဌာန ကမ်းနားလမ်း ဗိုလ်တထောင် ရန်ကုန်မြို့တွင် ၂၅–၃–၂၀၀၄ ရက်မှ ၂၉–၃–၂၀၀၄ ရက်အထိ ရုံးပိတ်ရက် အပါအဝင် ဝယ်ယူနိုင်ပါသည်။

၃။ လေလံတင်ရောင်းချခြင်းကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ကုန်လုပ်ငန်းဌာန၌ ၃၀–၃–၂၀၀၄ ရက် နံနက် ၁၀း၀၀ နာရီတိတိတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

ဆိပ်ကမ်းကုန်တင်/ကုန်ချ လုပ်ငန်းများ
သွက်လက်မှန်ကန်မြန်ဆန်ရေးနှင့်
စွမ်းအားပြည့်ဆောင်ရွက်နိုင်ရေးကော်မတီ

ဦးတောင်ဟူ(ခ)ဂေါ်ကေ့ဟူ (တောင်ငူ)
အသက်(၈၈)နှစ်

တောင်ငူမြို့၊ (၁၈)ရပ်ကွက်၊ သပြေဆန်းနေ ဒေါ်ခင်တုပ်၏ခင်ပွန်း၊ ဦးမြင့်ဦး-ဒေါ်မာမာဝင်း၊ (ဦးလှငွေ-ဒေါ်မြမြဝင်း)၊ ကိုမြင့်နိုင်-မသီတာစိုး၊ ကိုအင်းယား-မခင်စုလှိုင်၊ ကိုထွန်းထွန်းအောင်-မနွဲ့နွဲ့ဝင်းတို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၂၅-၃-၂၀၀၄ရက် ညနေ ၄း၂၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် တောင်ငူမြို့ အနောက်ဇောတိကာရုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

မြန်မာအိုင်ဗင်ဟိုးကုမ္ပဏီလီမိတက်မှ ဦးသန်းထွန်း (Day Supervisor, C&S)-ဒေါ်တိုးကြည်တို့၏မိခင် ဒေါ်သိန်းနု အသက်(၆၉)နှစ်သည် မြင်းခြံမြို့ နေအိမ်၌ ၂၀-၃-၂၀၀၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

Process Dept: မိသားစု MICCL။

ကျေးဇူးတင်ရှိခြင်း

၂၃-၃-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၁း၄၅ နာရီတွင် စံပြဆေးရုံကြီး သဃ်္ဃန်းကျွန်း၌ ကွယ်လွန်သွားခဲ့သော ဒေါ်မြင့်မြင့်လှိုင် မကွယ်လွန်မီ နွေးထွေးစွာ အထူးဂရုစိုက်ပေးခဲ့ပါသော ဆေးရုံအုပ်ဆရာဝန်ကြီး၊ ဆီးနှင့် ကျောက်ကပ်ကုသဆောင် တာဝန်ခံဆရာဝန်ကြီးနှင့် အဘက်ဘက်မှ ပြုစုစောင့်ရှောက်ပေးခဲ့ကြသော ဆရာဝန်၊ သူနာပြုဆရာမများ၊ ဝန်ထမ်းများ၊ ၂၅-၃-၂၀၀၄ရက် (ကြာသပတေးနေ့)တွင် နာရေးသို့ လိုက်ပါပို့ဆောင်ကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများအားလုံးအား ကျေးဇူးဥပကာရတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

စက်ရှင်တရားသူကြီးနှင့် ပြည်နယ်တရားရေးဦးစီးမှူး(ငြိမ်း)တရားရုံးချုပ်ရှေ့နေ ဦးမောင်သာဇံသည် ၄-၃-၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်း သိရှိရ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

စစ်တွေမြို့ ရှေ့နေများအသင်း။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ ဇရပ်ဒါယကာ
ဦးသန်းအောင် (ကျိုက်ထို)
(စာရေးဆရာ ကျိုက်ထီးရိုးသန်းအောင်)
တရားရုံးချုပ်ရှေ့နေ
စစ်ပြီးခေတ်
ဟိုက်စကူးကျောင်းသားဟောင်း
ရန်ကုန်ရှေ့နေအသင်းအမှုဆောင်လူကြီး
မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်
ဒိုင်လူကြီးဟောင်း
အသက်(၆၆)နှစ်

ကျိုက်ထိုမြို့၊ ဘိုရားကြီးရွာနေ (ဦးအောင်မြ-ဒေါ်စိန်မှ)တို့၏ သားလတ်၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်အရှေ့ရပ်ကွက်၊ အရှေ့မြို့ပတ်လမ်း၊ အမှတ် ၄၅ နေ ဒေါ်မြစိန်(တိုင်း/ဆောက်-၁၂)၏ ခင်ပွန်း၊ ကိုစိုးရအောင်(SPA-PM Myanma Ltd.)-မတင်တင်၊ ကိုစိုးနိုင်-မနန်းခင်ခင်စန်း၊ မအေးမြတ်မွန်အောင်၊ ကိုစိုးနိုင်(ရန်ကင်းမြို့နယ် ရဲတပ်ဖွဲ့)၊ ကိုစိုးကျော်သန်း (မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)-မအေးဇင်ဦး၊ (ကိုစိုးကြည်သန်း)-မယမင်းဖြူတို့၏ဖခင်သည် ၂၅-၃-၂၀၀၄ရက် နံနက် ၈း၁၅ နာရီတွင် UHC အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ၃၁-၃-၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဒေါ်ခင်အုန်းမြင့်
ဆရာမ၊အမက(၁၃)သာကေတ
အသက်(၄၉)နှစ်

အမှတ် ၉၈/က၊ မြို့မ ၁၃ လမ်း (အနောက်)၊ (၄/မြောက်)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းနေ (ဦးကျောက်ခဲ-ဒေါ်ကျော့)တို့၏ သမီး၊ (ဦးညွန့်မောင်)-ဒေါ်စန်းရီ၊ ဦးတင်ငွေ-ဒေါ်ဖွားကြည်တို့၏တူမ၊ (ဦးသောင်းမြင့်-ဒေါ်အေးနွဲ့)၊ ဦးဉာဏ်သိန်း-ဒေါ်တင်လှ၊ ဦးသောင်းစိန်-ဒေါ်သန်းနွဲ့၊ ဦးသောင်းကြည် (ဆသရ)-(မဝင်းကြည်)၊ ဦးတိုးကြည်(ဆသရ)-ဒေါ်မြင့်မြင့်အေးတို့၏ညီမ၊ဦးလှကြည်(P.I.C)-ဒေါ်ဝင်းမာတို့၏အစ်မကြီး၊ တူ တူမ ၂၂ယောက်တို့၏အဒေါ်သည် ၂၅-၃-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၀၄ရက် (စနေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ကိုဇော်အောင်
ဒုတိယနှစ်(သမိုင်း)
အသက်(၃၆)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ ဘုရင့်နောင်လမ်းမ၊ အေးရိပ်မွန်အိမ်ရာ၊ တိုက် ၈၊ အခန်း ၃၀၂ နေ (ဦးအေးမောင်)-ဒေါ်ငြိမ်းရွှေတို့၏သား၊ ဦးသိန်းထွန်း (အမှတ်-၁၊ အထပ်သားစက်ရုံ၊ အငြိမ်းစားဝန်ထမ်း)၊ ဦးမြင့်ရွှေ (သစ်တောဖက်စပ်၊ သန်လျင်)-မဝင်းဝင်းမာ၊ ဦးအေးလွင်၊ ဦးကျင်ဝှက်-မဖြူဖြူဝင်း၊ ဦးကျော်ထွေး(ယာဉ်ထိန်းရဲတပ်ကြပ်ကြီး)-မပြုံးရီ၊ ဦးခင်လှ-မညိုညိုဝင်း၊ ဦးလူမော်-မတင်တင်ခိုင်တို့၏ညီ/မောင်၊ တူ တူမ ၁၄ ယောက်တို့၏ဦးလေးသည် ၂၅-၃-၂၀၀၄ရက် နံနက် ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

၃၁-၃-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)တွင် ရက်လည်ဆွမ်းကျွေး တရားနာမည်ဖြစ်ပါ၍ ဆွေမျိုး မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဆရာမနှင်းနှင်းဝေ(ခ)
ဒေါ်စန်းစန်းဝင်း
အသက်(၅၀)

မန္တလေးမြို့၊ မလွန်ဂျင်းတန်းရပ်နေ ဦးမြမောင်-ဒေါ်အုန်းတင်တို့၏ သမီး၊ မလင်းဝါဝါလင်း၊မောင်ဖိုးဦးတို့၏မိခင်၊ လားရှိုးမြို့နေ ဦးကျော်လွင်-ဒေါ်လှလှ၊ မန္တလေးမြို့နေ ဦးဇော်ဝင်း-ဒေါ်မေနိုင်ဝင်း၊ (ဦးကိုကိုဝင်း)-ဒေါ်တာတာစန်း၊ လားရှိုးမြို့နေ (ဦးခင်မောင်အေး)-ဒေါ်ခင်ဝင်းကြည်တို့၏ညီမ၊ ရန်ကုန်မြို့နေ (ဦးကိုကိုလေး)-ဒေါ်ဝါဝါခင်၊ မန္တလေးမြို့နေ ဦးကျော်ကျော်-ဒေါ်လဲ့လဲ့ဝင်းတို့၏အစ်မသည် ၂၅-၃-၂၀၀၄ရက် ညနေ ၃ နာရီတွင် သဃ်္ဃန်းကျွန်း စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် သဃ်္ဃန်းကျွန်း စံပြဆေးရုံအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။



ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်ခင်ကြည် (ကြို့ပင်ကောက်)
အသက်(၈၆)နှစ်

မန္တလေးတောင်တော်အရှေ့၊ မဟာမြိုင်ကျောင်းတိုက်ဆရာတော် ဦးကောဝိဒ၏မယ်တော်၊ ဒေါ်လှအေး(ဒုတိယဦးစီးမှူး၊ ပြည်တွင်းအခွန်)၊ ဦးတင်အုန်း-ဒေါ်မြမြခိုင်၊ ဒေါ်သန်းသန်းစိန်(အင်ဂျင်နီယာမှူး၊ မန္တလေးတိုင်း၊ ပဆလ)၊ ဦးကျော်မြင့်-ဒေါ်ခင်အုန်းမြင့်၊ ဦးဖြူဝင်း-ဒေါ်ခင်မာကြည်၊ ဦးသောင်းဟန်-ဒေါ်ခင်ဝင်းကြည်(ကောင်းဗီဒီယိုခွေငှား)တို့၏မိခင်၊ မြေး ၁၉ ယောက်၊ မြစ် ၁၁ ယောက်တို့၏ အဘွားသည် ၂၄-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆-၃-၂၀၀၄ရက် (သောကြာနေ့) ညနေ ၃ နာရီတွင် မန္တလေးမြို့ အလုပ်သမားဆေးရုံကြီးအအေးတိုက်မှ ကြာနီကန်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ (အမှတ် ၈/၈-၃/၃၆၊ (၅၈)လမ်း၊ မြို့သစ်၊ မန္တလေး နေအိမ်မှကားများ မွန်းလွဲ ၂ နာရီ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးလှဖေ (သံတွဲ)
ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)
အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန
အသက်(၆၂)နှစ်

အင်းစိန်မြို့နယ်၊ အမှတ် ၃၄၊ စပါယ်လမ်း၊ ထန်းပင်ကုန်းနေ (ဦးကျော်ဘ-ဒေါ်အုန်းတင်)တို့၏သား၊ ဒေါ်ပုစု၏ခင်ပွန်း၊ မစုလှလှကျော် (၃-နှစ်၊ စီးပွား)၏ဖခင်သည် ၂၅-၃-၂၀၀၄ရက် ညနေ ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၃-၂၀၀၄ရက်(စနေနေ့) နံနက် ၁၁ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးယိုင်စိန်အောင်
အသက်(၄၂)နှစ်

ရခိုင်ပြည်နယ်၊ မြေပုံမြို့၊ ဈေးပိုင်းရပ်ကွက်နေ ဦးလှဖြူ-ဒေါ်လုံးယိုင်စိန်တို့၏သား၊ ဒေါ်ပန်းသာနု၏ခင်ပွန်း၊ မဥမ္မာရား၊ မဖြူဖြူချေ၊ မမြလေးခိုင်တို့၏ ဖခင်သည် ၂၅-၃-၂၀၀၄ရက် (ကြာသပတေးနေ့)နံနက် ၁၀း၄၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၃-၂၀၀၄ရက် (သောကြာနေ့) ညနေ ၃ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကိုညီညီစိုး
(လက်ကီးတိုး ရွှေပန်းထိမ်လုပ်ငန်း)
အသက်(၃၃)နှစ်

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ လေးထောင်တိုက်နယ်၊ ဇရပ်ပြင်ရွာနေ (ဦးဦးချမ်းအောင်) (ကျောင်းဆရာ၊ ငြိမ်း)-ဒေါ်ချမ်းခင်တို့၏သား၊ ဦးယဉ်ထွန်းအောင် - ဒေါ်မသောင်းငွေတို့၏ သားသမက်၊ဗဟန်းမြို့နယ်နေ ဦးအောင်စောသိန်း-ဒေါ်လှမျိုးနွယ်၊ ဦးမောင်မောင်-ဒေါ်မသနံးစိန်၊ ဦးဝင်းဇော်-ဒေါ်စန်းစန်းနွယ်၊ မမေမေမြိုင်၊ ကိုညီညီနိုင်-မတင်ဇာနွယ်တို့၏ညီ/မောင်၊ မမိသက်မာ၏အစ်ကို၊ အမှတ် ၁၁၆၆၊ စိန်ချယ်လမ်း၊ (၁၉)ရပ်ကွက်၊ ဒဂုံမြို့နယ် (တောင်ပိုင်း)နေ မမိမိထွန်း၏ခင်ပွန်း၊ မမြတ်ပန်းအိခိုင်၏ဖခင်သည် ၂၄-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

မလဲ့လဲ့မောင်
အသက်(၂၉)နှစ်

ကချင်ပြည်နယ်၊ မိုးကောင်းမြို့၊ အမှတ် ခ/၃၉၂၊ ဈေးကုန်းရပ်ကွက်နေ ဦးသာရွှေ-(ဒေါ်စန်းစန်းမြင့်)တို့၏ သမီးကြီးသည် ၂၄-၃-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် အမှတ် ၅၆၊ ရွှေဟသာ်လမ်းသွယ်-၂၊ (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့တွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၀၄ရက် (တနင်္ဂနွေနေ့)ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်အေးမို (ဝါးခယ်မ)
အသက်(၈၉)နှစ်

ဝါးခယ်မမြို့နေ (ဦးအောင်မွေး-ဒေါ်မယ်မ)တို့၏သမီး၊ (ဦးဖိုးဝန်-ဒေါ်သိန်းရင်)တို့၏သမီးချွေးမ၊ (ဦးထွန်းမြင့်)၏ဇနီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ် ၈၆၉ (က)နေ ဦးဟန်သိန်း-ဒေါ်ရင်နုတို့၏မိခင်၊ ဦးဇော်ဝင်း-ဒေါ်သန်းသန်းအေး၊ ဦးခင်မောင်ဦး၊ ဒေါ်စန်းစန်းနု၊ ဒေါ်စန်းစန်းအေး၊ ဦးအောင်ထွဏ်း-ဒေါ်ခင်ကြည်လွင်တို့၏အဘွား၊ ဦးပဥ္စင်း အရှင်သုမဏ(မောင်သီဟဇော်)၊ မောင်ရဲမင်းထက်၊ မသက်ထက်ဦး၊ မမြတ်နိုးဦး၊ မောင်အောင်ဇော်ဟိန်း၊ မောင်အောင်ခိုင်မင်းတို့၏ဘွားဘွားကြီး သည် ၂၄-၃-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၆ နာရီတွင် ကွယ်လွန်သွား ပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ အမှတ်(၂)ဆေးတက္ကသိုလ် သို့လှူဒါန်းပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးသိန်းလွင်(ခ)
ဦးယဉ်ဆွေ
ကပရ(ငြိမ်း)
မြန်မာနိုင်ငံသေနတ်ပစ်အဖွဲ့ချုပ်(ငြိမ်း)
အသက်(၇၀)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၀/တိုးချဲ့(စီးပွား/ကူးသန်းဝန်ထမ်းအိမ်ရာ)၊ တိုက် ၂၊ အခန်း ၂၂ နေ(ဦးကြီးစိန်-ဒေါ်အေးစိန်)တို့၏သား၊ (ဦးစု-ဒေါ်ဖွားစိန်)တို့၏ သားသမက်၊ ဒေါ်မြင့်မြင့်စန်း၏ခင်ပွန်း၊ ကိုအောင်သန်းဦး(ခ)ကိုပေါက်-မဖြူဖြူ၊ မတင်မိုးသူ(B.A, Geog)၊ မောင်ဇင်အောင်မိုး၊ မောင်ကျော်မြတ်မိုး(1st, Math)-မခင်ချိုချို၊ မောင်ဝင်းနိုင်ဦး-မရင်လှိုင်စိုး၊ မောင်သန့်ဇော်ဟိန်း-မသက်စုဝင်းမောင် (3rd, Bot)တို့၏ဖခင်သည် ၂၄-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၃-၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် သဃ်္ဃန်းကျွန်း စံပြဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

မြစ်ကြီးနားအသင်း
ဦးရွှေဝင်း
အသက်(၆၇)နှစ်

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ မြေမြင့်ရပ်ကွက်၊ အမှတ် ၄၃၃ နေ (ဦးမိုးယု-ဒေါ်ကျန်းယုရွှေ)တို့၏သား၊ ဦးတုံစိမ်းချန်-(ဒေါ်ညွန့်)တို့၏ သားသမက်၊ ဒေါ်ပေါက်တီ(ခ)ဒေါ်ခင်ဝင်း၏ခင်ပွန်း၊ ကိုကျော်ထင်စိုး-မခင်ခင်ကြည်၊ ကိုအားမြင့်-မအားကျန်း၊ မရီကျန်း(ခ)လှလှဝင်း၊မမီးမေ(ခ)ထွေးထွေးဝင်း၊မောင်မီးတီ(ခ)ဇော်မင်းထွန်းတို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၂၄-၃-၂၀၀၄ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားပါ၍ ၂၆-၃-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းဝင်များအား သိစေအပ်ပါသည်။ အမှုဆောင်အဖွဲ့။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးဒေးဗစ်ဂေါ်လူ
အထက-၅(ငြိမ်း)
(မြစ်ကြီးနား)
အသက်(၅၆)နှစ်

မြစ်ကြီးနားမြို့၊ မြို့သစ်ရပ်နေ(ဦးဂေါ်လူဂမ်-ဒေါ်အုန်းချယ်)တို့၏ ဒုတိယသား၊ ဒေါ်ဖော်ယမ်ဘောက်(အငြိမ်းစားကျောင်းဆရာမ)၏ခင်ပွန်း၊ ဒေါ်ဆိုင်းတောင်-ဦးအောင်ဟိန်းခွန်၊ မဆိုင်းရာ၊ မဆိုင်းမိုင်၊ မဂျာဆိုင်းအောင်တို့၏ဖခင်၊ ဦးထွန်းရွှေ(ပြည်နယ်ငါးဦးစီးမှူး၊ ငြိမ်း)-ဒေါ်ကိုင်လိန်တို့၏ညီ၊ ဒေါ်ဂေါ်လူကော့မိုင်-ဦးအောင်နိုင်၊ ဦးပီတာဂေါ်လူ၊ ဦးဂေါ်လူတူးထန်-ဒေါ်ခေါန်ရာ၊ဒေါ်ဂေါ်လူဂျာအောင်-ဦးအောင်တင်(ကျောက်စိမ်းတူးဖော်ရေးဌာန)တို့၏အစ်ကို၊ ဦးဘရန်တောင်-ဒေါ်ဂျာဘန် (ပါမောက္ခ၊ ဒဿနိက)၊ ဦးလတ်အောင်(အငြိမ်းစားရှေ့နေ)-ဒေါ်အားလိန်၊ ဒေါ်ခေါန်ဂျာ၊ ဒေါ်ဂျီးရွယ်တို့၏ခဲအိုသည် ၂၃-၃-၂၀၀၄ရက် နံနက် ၅း၃၀ နာရီတွင် သုခကမ္ဘာဆေးခန်းတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၆-၃-၂၀၀၄ ရက်(သောကြာနေ့)မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တက္ကသိုလ်ဝင်းရှိ ယုဒသန်ဘုရားရှိခိုးကျောင်း၌ဝတ်ပြုဆုတောင်းပြီး ရေဝေးသုသာန်တွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု။

မြန်အောင်မြို့နယ်အသင်း(ရန်ကုန်)
ဒေါ်သောင်းနွဲ့ (မြန်အောင်)
အသက်(၈၅)နှစ်

မြန်အောင်မြို့နေ (ဦးကျော်ဖေ-ဒေါ်သန်းခင်)တို့၏သမီး၊ (ဦးသိန်းလွင်)၏ဇနီး၊ ရန်ကုန်မြို့၊ ရွှေဂုံတိုင်လမ်း၊ အမှတ် ၂၄၇/၂၄၉၊ (Delta Plaza)၊ တိုက် ဒီ(၂)၊ အခန်း ၃၀၄ နေ ရာသက်ပန်အသင်းဝင် ဒေါ်သောင်းနွဲ့သည် ၂၄-၃-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၃-၂၀၀၄ရက် (သောကြာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူအသင်းသားများ လိုက်ပါပို့ဆောင်နိုင်ရန် အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင်ထွက်ပါမည်။) အမှုဆောင်အဖွဲ့။

လူကင်တျန်(ခ)ဦးပု
(နဂါးနီ ပလတ်စတစ်ဆိုင်)
အသက်(၈၀)

ရန်ကုန်မြို့၊ လသာမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ ၂၁ လမ်း၊ အမှတ် ၁၁၄ (ပထမထပ်)နေ အင်တျန်းဇေ့(ခ)ဒေါ်ခင်ကြည်၏ခင်ပွန်း၊ ဦးထွန်းမြင့်-[ဒေါ်နေနား(ခ)ဒေါ်စန်းစန်းနွယ်]၊ ဦးကျော်မြင့်ထွန်း-ဒေါ်စန်းစန်း(S.B ပလတ်စတစ်အိတ်ဆိုင်)၊ ဦးအေးကို-ဒေါ်ခင်လေးဝင်း၊ ဦးတင်ဝင်း-ဒေါ်သင်းသင်းစု၊ (ဦးတင်ရွှေ)-ဒေါ်ခင်သီတာထွန်းတို့၏ ဖခင်၊ မြေး ၁၂ ယောက်တို့၏ အဘိုးသည် ၂၅-၃-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၇-၃-၂၀၀၄ရက် (စနေနေ့)နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ကိုနေမျိုး(ခ)
ကိုထွန်းမြင့်အောင်
အသက်(၃၈)နှစ်

ရန်ကုန်မြို့၊ကျောက်တံတားမြို့နယ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ အမှတ် ၂၄၀ နေ ဦးသန်းထွန်း-(ဒေါ်သန်းမြင့်)တို့၏ သား၊ ကရင်ပြည်နယ်၊ လှိုင်းဘွဲမြို့နယ်၊ ရွှေဂွန်းနေ (ဦးတင်ညွန့်)-ဒေါ်အုံးကျင်တို့၏သားသမက်၊မချိုချိုနွယ်၏ခင်ပွန်း၊ မောင်ပိုင်ထက်အောင်၏ဖခင်သည် ၂၃-၃-၂၀၀၄ရက်(အင်္ဂါနေ့)နံနက် ၄ နာရီတွင် တောင်ကြီးမြို့ စပ်စံထွန်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၃-၂၀၀၄ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁ နာရီတွင် စပ်စံထွန်းဆေးရုံမှ တိုင်းရင်းသားပေါင်းစုံသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၉-၃-၂၀၀၄ရက်(တနင်္လာနေ့)နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရန်ကုန်မြို့ ဦးသန်းထွန်း၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ကိုထွန်းထွန်း(ခ)
ကိုကျော်ဝင်းမောင်
အသက်(၃၇)နှစ်

ရန်ကုန်မြို့၊ အမှတ် ၃၁၊ ကျားကွက်သစ်လမ်း၊ ကျောက်မြောင်းနေ(ဦးလှ)-ဒေါ်သန်းတို့၏သား၊ ရန်ကုန်မြို့၊ အမှတ် ၆/ဘီ၊ အခန်း စီ-၁၊ အေးရိပ်မွန် ၃ လမ်းနေ ဒေါ်ကြည်နှစ်၏သားသမက်၊ မိသန်းသန်းဆွေ၏ခင်ပွန်း၊ ဦးအေးသောင်း-ဒေါက်တာခင်ဝင်းမြင့်၊ ဦးအေးမြင့်-ဒေါ်ချိုချိုမြင့်၊ မအေးအေးမြ၊ မလှလှသန်း၊ မကြည်ကြည်သန်းတို့၏ ညီ/မောင်၊ မောင်အောင်နိုင်-မမင်းမင်းအေး၊ ကိုမျိုးမြင့်စိုး-မမိမိလေးတို့၏ အစ်ကို၊ မောင်ကောင်းဆက်ထွန်း၊ မခိုင်ကိုကိုစံ၊ မဟန်နီယွန်းယွန်းဦး၊ မင်းသြဆက်သာတို့၏ဦးလေးသည် ဂျပန်နိုင်ငံ တိုကျိုမြို့ Komagome ဆေးရုံကြီး၌ ၂၅-၃-၂၀၀၄ရက် ဒေသစံတော်ချိန် ၂း၂၃နာရီတွင်ကွယ်လွန်သွားပါကြောင်းနှင့်တိုကျိုမြို့တွင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၃၁-၃-၂၀၀၄ရက် နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်တို့တွင် ပြုလုပ်မည့် ရက်လည်ဆွမ်းကျွေးတရားတော်နာသို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ရဟန်း၊တန်ဆောင်းအမ
ဒေါ်ဖွားရင်
(ပခုက္ကူမြို့နယ်၊ဘဲကြီးကျေးရွာ)
အသက်(၉၁)နှစ်

မကွေးတိုင်း၊ ပခုက္ကူမြို့နယ်၊ ဘဲကြီးကျေးရွာနေ (ဦးဂျပ်ပြား)၏ဇနီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ (၂၆)ရပ်ကွက်၊ ယောက်ကော်စံရိပ်ငြိမ်လမ်း၊ အမှတ် ၅၄၃ နေ ဦးလှအောင်-(ဒေါ်တင်အေး)၊ (ဦးယု)-ဒေါ်ရွှေမြ၊ (ဦးမောင်ခင်-ဒေါ်ကျင်ပု)၊ (ဦးဖိုးနီ)-ဒေါ်ကျင်နု၊ ဦးသန်း-ဒေါ်ငွေညွန့်၊ ဦးဆင့်-ဒေါ်တင်အေး၊ ဦးရွှေအေး-ဒေါ်ဥ၊ ဦးမောက်-ဒေါ်ကုလားမစိန်တို့၏မိခင်၊ မြေး ၃၁ ယောက်၊ မြစ် ၃၇ ယောက်တို့၏အဘွားသည် ၂၅-၃-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၇း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၇-၃-၂၀၀၄ရက် (စနေနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးရွှေဝင်း
(ကချင်ပြည်နယ်၊မြစ်ကြီးနားမြို့)
အသက်(၆၇)နှစ်

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ မြေမြင့်ရပ်ကွက်၊ အမှတ် ၄၃၃ နေ (ဦးမိုးယု-ဒေါ်ကျန်းယုရွှေ)တို့၏သား၊ ဦးတုံစိမ်းချန်-(ဒေါ်ညွန့်)တို့၏ သားသမက်၊ ဒေါ်ပေါက်တီ(ခ)ဒေါ်ခင်ဝင်း၏ခင်ပွန်း၊ ကိုကျော်ထင်စိုး-မခင်ခင်ကြည်၊ ကိုအားမြင့်-မအားကျန်း၊ မရီကျန်း(ခ)လှလှဝင်း၊မမီးမေ(ခ)ထွေးထွေးဝင်း၊မောင်မီးတီ(ခ)ဇော်မင်းထွန်းတို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၂၄-၃-၂၀၀၄ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားပါ၍ ၂၆-၃-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ကိုအောင်နိုင်(ခ)
ကိုကျော်နိုင်(ခ)ကိုကျော်နီ
LL.B
စိန့်ဂျွန်းကျောင်းသားဟောင်း
အသက်(၄၈)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ကုန်ဈေးတန်းလမ်း၊အမှတ် ၁၁၄/၁၁၈ နေ (ဦးချစ်ထွန်း-ဒေါ်မြသန်း)တို့၏ သား၊ (ဦးစိုး-ဒေါ်စိန်ကျင်)တို့၏ သားသမက်၊ ဒေါ်ခင်စိန်၏တူ၊ (ကိုဝင်းနိုင်)-မမြင့်မြင့်ဆွေတို့၏ညီ/မောင်၊ ကိုဇော်လေးထွန်း-မကြူကြူဆွေတို့၏အစ်ကို၊ ဒေါက်တာမောင်မောင်ဦး-ဒေါ်အေးအေးမူ၊ ဦးသန်းစိုး-ဒေါ်စန်းစန်းမူ(အရှေ့ဦးကွန်ပျူတာ၊ လွှစ္စလမ်း)တို့၏ညီ/မောင်၊ မအိဆွေမွန်(အထက-၃၊ ဒဂုံ)၊ မောင်အောင်ဟိန်းထွန်း (TTC၊ ကမာရွတ်)တို့၏ဦးလေး၊ မောင်ဟိန်းထက်အောင် (အထက-၃၊ ဒဂုံ)၊ မဆုသက်အောင် (အထက-၃၊ ဒဂုံ)တို့၏ဖခင်၊ မတင်တင်အေး၏ခင်ပွန်းသည် ၂၄-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁း၅၀ နာရီတွင် သျှင်ပါကူ အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၈-၃-၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
ဒေါ်ခင်မာရီ(ခ)
နူဘီကိုရိုင်ရှီ
(Mawlamyaing Trading Co., Ltd.)
အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ ၁၂၆ လမ်း၊ အမှတ် ၃၃ နေ (ဦးလှဘော်)-ဒေါ်လှမြင့်တို့၏ သမီးကြီး၊ ဒေါ်ခင်စောငြိမ်း (ဆ/မ၊ ညွှန်မှူးရုံး၊ ရန်ကုန်တိုင်း)၊(ဦးလှထွန်းလွင်)၊ ဒေါ်မာလာ (အထက-၇၊ မင်္ဂလာတောင်ညွန့်)တို့၏အစ်မ၊ မသီရိရတနာငြိမ်း[M.Econ(Q)]၊ မောင်အောင်မြင်ခိုင်ခန့်(B.E,Mech;)၊ မငြိမ်းအေးလှိုင် (3rd Year,Law ၊ ဆ/မ ရုံးချုပ်)တို့၏အဒေါ်သည် ၂၅-၃-၂၀၀၄ရက် နံနက် ၈း၄၅ နာရီတွင် အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ အဆွာလ်နမာဇ်အပြီးတွင် ရေဝေးကဘာရ်စတန်၌ဒါဖနာပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးထွန်းဖေ
အသက်(၉၉)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုလမ်း၊ အမှတ် ၆၈ နေ (ဦးဆိုးပို-ဒေါ်စိန်ညာ)တို့၏သား၊ ဒေါ်တင်ညွန့်၏ခင်ပွန်း၊ Dr.ကံထွန်း(တွဲဖက်ပါမောက္ခ၊ အရိုးအထူးကုဆရာဝန်ကြီး၊ ဆေး-၂)-ဒေါ်မြင့်မြင့်တင်(ဒုညွှန်မှူး၊ ဗဟိုဘဏ်)တို့၏ဖခင်၊ Dr.မျိုးမြင့်ထွန်း(ခန္ဓာဗေဒဌာန၊ ဆေး-၂)-မငုဝါအောင်၊ မလင်းမြင့်ထွန်း (Bagan Cybertech)၊ မချိုမြင့်ထွန်း(Final Part I, IM-I)တို့၏အဘိုး၊ မြစ်နှစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၂၄-၃-၂၀၀၄ရက် ည ၉ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၃-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာ
ဦးဝင်းမောင်
ညွှန်ကြားရေးမှူး(အငြိမ်းစား)
ကုန်းလမ်းပို့ဆောင်ရေး
ညွှန်ကြားမှုဦးစီးဌာန
အသက်(၆၄)နှစ်

ရေစကြိုမြို့၊ ရွာဖိုးရပ်နေ(ဦးဘမော်-ဒေါ်စိန်)တို့၏သား၊ (ဦးအောင်ကြည်-ဒေါ်တင်ကြည်)တို့၏ သားသမက်၊ ဦးစောလှိုင်-ဒေါ်အမာ၊ (ဦးညွန့်လှိုင်)-ဒေါ်ငြိမ်းလှတို့၏ညီ/မောင်၊ ဦးသန်းထွန်း-ဒေါ်အိတင်၊ ဦးဟန်ပ-ဒေါ်ကြည်စိုး၊ ဦးတိုး-ဒေါ်ကြည်မျိုး၊ ဦးမျိုးမြင့်-ဒေါ်လှရင်တို့၏အစ်ကို၊အမှတ် ၈၈(အေ)၊ ၆ လမ်း(တောင်)၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်နေ (ဒေါ်ခင်ငွေစိုး)၏ ခင်ပွန်း၊ ဒေါ်စန္ဒာဝင်း၊ ဦးစဝင်းထွဋ်-ဒေါ်နီလာဝင်း၊ ဦးသူရဝင်း-ဒေါ်သူဇာမိုးတို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၂၄-၃-၂၀၀၄ရက် မွန်းလွဲ ၁၂း၂၀ နာရီတွင် အာရှတော်ဝင် အထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၂၆-၃-၂၀၀၄ ရက်(သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်အုန်းတင်
အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ အမှတ် ၉၀၊ C-5၊ ရွှေတောင်ကြား(၁)လမ်း၊ ဗဟန်းမြို့နယ်နေ (ဦးစွမ်းတင် - ဒေါ်ကြင်ဥ)တို့၏ သမီး၊ [ဦးကောင်းစိန်(ခ)ကျောက်ပုကေ]၏ဇနီး၊ (ဦးအိကြောင်)-ဒေါ်စန်းတီတို့၏ညီမ၊ ဦးသောင်း-ဒေါ်အင်ဟို၊ (ဦးဝင်းလှိုင်-ဒေါ်ကြူကြူ)၊ ဒေါ်စန်းရီ (နှင်းပုလဲ ညောင်ပင်လေးဈေး)၊ ဦးဝင်းမြင့်(နေလသောက်ရေသန့်)-ဒေါက်တာ ခင်မိမိသက်၊ ဦးဝင်းထိန်-ဒေါ်မိုးမိုးခိုင်တို့၏ အစ်မကြီး၊ မသီတာ - Mr. Jackson၊ မသွယ်သွယ်-Mr. Choon Seng၊ မောင်အောင်နိုင်ဝင်း-မနန်းကြွယ်၊ မခိုင်မေလတ်-မောင်စိုးလင်း၊ မောင်ငွေစိုးဇင်တို့၏မိခင်ကြီး၊ မြေးလေးယောက်တို့၏အဘွားသည် ၂၄-၃-၂၀၀၄ရက် နံနက် ၉း၅၅နာရီတွင် SSC ဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၃-၂၀၀၄ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(အထက်ပါနေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
U Philip Din
B.A (English)
အသက်(၅၄)နှစ်

ရန်ကုန်မြို့နေ(ဦးမိုးဒင်-ဒေါ်နှင်းရင်)တို့၏သားကြီး၊ ဒေါ်အေးအေးမြင့်၏ခင်ပွန်း၊ REV ဦးကျော်ထွန်းလင်း-ဆရာမဒေါ်ကြည်ကြည်ဒင်(မြန်မာနိုင်ငံခရစ်ယာန်ဓမ္မတက္ကသိုလ်)၊U Rodney Mo Din (Mo Asia Co.,Ltd.)-ဒေါ်အေးအေးစိုးတို့၏အစ်ကိုကြီး၊ တူလေးယောက်တို့၏ဘကြီးသည် ၂၅-၃-၂၀၀၄ရက် ညနေ ၄း၃၀ နာရီတွင် သဃ်္ဃန်းကျွန်းစံပြဆေးရုံကြီးတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၂၇-၃-၂၀၀၄ရက် (စနေနေ့)နံနက် ၁၁း၃၀ နာရီတွင် ရေဝေးအအေးတိုက်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ R. 488

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံဒုတိယဝန်ကြီးချုပ်မဒမ်ဂူရီနှင့်အဖွဲ့ဝင်များအားလက်ခံတွေ့ဆုံ

ရန်ကုန် မတ် ၂၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဂူရီနှင့် အဖွဲ့ဝင်များအား ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ပြည်သူ့လွှတ်တော်အဆောက်အအုံရှိသံတမန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❑

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဂူရီနှင့် အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင် စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ် လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သမိုင်းဂုဏ်ရောင်ထွန်းပြောင်သည့် မျိုးချစ်တပ်မတော်ကိုဂုဏ်ပြု (၅၉)နှစ်မြောက်တပ်မတော်နေ့အထိမ်းအမှတ်စာပေအနုပညာပြပွဲပြသ

သတင်းဆောင်းပါး - မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် မတ် ၂၅

သမိုင်းအစဉ်အလာကြီးမားသော မြန်မာ့တပ်မတော်၏စွမ်းဆောင်ချက်များကို စာပေ၊အနုပညာ လက်ရာများဖြင့် ပေါ်လွင်ထင်ရှားအောင် ဖော်ထုတ်တင်ပြရန်နှင့် (၅၉)နှစ်မြောက်တပ်မတော်နေ့အထိမ်းအမှတ် စာပေ၊ အနုပညာပြိုင်ပွဲ ပြပွဲကို ယခင်နှစ်များကထက် ပိုမိုအဆင့်အတန်းမြင့်မားစွာ ကျင်းပပြသရန် ရည်ရွယ်ချက်ဖြင့် (၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စာပေ၊အနုပညာ ပြိုင်ပွဲ ပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ မတ် ၂၆ရက်(ယနေ့)မှစ၍ ခင်းကျင်းပြသလျက်ရှိသည်။ ***စာမျက်နှာ ၁၃ ကော်လံ ၁*** ❀

ခေတ်အဆက်ဆက် ပြည်သူ့အတွက်တပ်မတော်

★ တပ်မတော်၏အား(၁၀)ပါး ★

၁။ သစ္စာစောင့်သိမှု၊
၂။ အမိန့်နာခံတတ်မှု၊
၃။ စိတ်ဓာတ် ခိုင်မာမှုနှင့် ဖွဲ့သတ္တိပြည့်ဝမှု၊
၄။ စစ်စည်းကမ်း ကောင်းမွန်မှု၊
၅။ လေ့ကျင့်သား ပြည့်ဝမှု၊

၆။ တိုက်ရည်ခိုက်ရည် ပြည့်ဝမှု၊
၇။ ကျန်းမာကြံ့ခိုင်မှု၊
၈။ အချင်းချင်း ရဲဘော်စိတ်ထားရှိမှု၊
၉။ စွန့်လွှတ်စွန့်စားမှု၊
၁၀။ သန္နိဋ္ဌာန်စိတ်ဖြင့် ရည်မှန်းချက် ပြီးမြောက်အောင် ဆောင်ရွက်မှု။

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု အလွတ်တန်းအဆင့် (ပလာစတာ) ပန်းပုပြိုင်ပွဲ ပထမဆုရ မမွန်မွန်မြတ် ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)၏ "တာဝန်" ပလာစတာ ပန်းပုရုပ်တုကို တွေ့ရစဉ်။ ဓာတ်ပုံမှတ်တမ်း-တင်စိုး (မြန်မာ့အလင်း)

(၅၉)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုအထူးကဏ္ဍများရည်ညွှန်းချက်

"နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်အတွက် ရေရှည်မျှော်မှန်းပြီး ချမှတ်ထားသော (၅၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်လေးရပ်သည် အနာဂတ် ဒီမိုကရေစီ နိုင်ငံတော်အတွက် အနှစ်သာရရှိသော အခြေခံကောင်းများဖြစ်ပြီး လက်ဆင့်ကမ်း အမွေကောင်းများအဖြစ် မျိုးဆက်သစ်များထံသို့ လွှဲပေးနိုင်ရန် ချမှတ်ထားသည့် ဦးတည်ချက်များဖြစ်သည်။"

★ ဗျူဟာမောင်၏ **"နိုင်ငံအတွက်အရေးပါလှသည့် တပ်မတော်နေ့ဦးတည်ချက်များ"** ဆောင်းပါး စာမျက်နှာ (၈-၉)
★ **"တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများလက်တွဲ၍ ဆောင်ရွက်ခဲ့သည့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများ"** ဓာတ်ပုံမှတ်တမ်း စာမျက်နှာ (၇)
★ ဖိုးဝ၏ **"မြန်မာ့တပ်မတော်သည် ဤသို့"** ကဗျာ စာမျက်နှာ (၃)
★ ရန်နိုင်ဦး၏ **"သင်းပျံ့မွှေးထုံတပ်မတော်ဂုဏ်"** ကဗျာ စာမျက်နှာ (၁၃)
★ တိမ်ပျံ၏ **"နိုင်ငံတော်၊ ပြည်သူနဲ့တပ်မတော်တို့ လက်တွဲညီညီကြိုးစားခဲ့"** ကာတွန်း စာမျက်နှာ (၃)

ယနေ့ထုတ် စောင်ရေ

၂၀၀၅၇၉